# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့၊ (8-2-2007) (၅၂၂၇)


# ၂၀၀၇ခုနှစ် မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေကို
ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၁/၂၀၀၇)
၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်–

၁။ ဤဥပဒေကို ၂၀၀၇ခုနှစ်၊ မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင်ပါရှိသော "hometrade Ship" ဆိုသည့် စကားရပ်များကို "near coastal voyage ship" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များအား တွေ့ဆုံ၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)





# မြန်မာနိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသော အခြေအနေတွင်ရှိသည့် နိုင်ငံလုံးဝမဟုတ် နိုင်ငံအတွင်း မကြုံစဖူးသော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိကာ စီးပွားရေးတိုးတက်မှုရနေ

# အရေးကြီးသော ကလေးစစ်သည်ငယ်ကိစ္စအပါအဝင် ကလေးသူငယ်များအား အကာအကွယ်ပေးရေး ဆောင်ရွက်မည်ဟု မြန်မာနိုင်ငံက အလေးအနက်သန္နိဋ္ဌာန်ချထား

ရန်ကုန် ဖေဖော်ဝါရီ ၇

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များအား တွေ့ဆုံ၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။**

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၈-၂-၂၀၀၇
(ကြာသပတေးနေ့)

# မြန်မာနိုင်ငံတွင် ကောင်းကျိုးတရားများ ရှင်သန်ထွန်းကား ဘာသာအားလုံး လွတ်လပ်စွာ ကိုးကွယ်ဝတ်ပြုခွင့် ရှိနေ

မြန်မာနိုင်ငံတွင် မိမိတို့ယုံကြည်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ဝတ်ပြုခွင့်၊ ဆုတောင်းခွင့်ရှိနေကြသည့်အပြင် မိမိတို့၏ ဘာသာရေးယုံကြည်ချက်ကိုလည်း လွတ်လပ်စွာ ဖော်ထုတ် ဟောပြောခွင့်များ ရရှိနေကြသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ဟိန္ဒူဘာသာဝင်များနှင့် အခြားသော လူနည်းစု ဘာသာဝင်များသည် ရာစုနှစ်များစွာကပင် အေးချမ်းညီညွတ်စွာ အတူတကွ လက်တွဲ၍ နေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလအထိဖြစ်သည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်လိုသော အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံကို ဘာသာရေးလွတ်လပ်ခွင့် မရှိဟုဆိုကာ မဟုတ်မမှန် လုပ်ကြံစွပ်စွဲလျက်ရှိကြောင်း ကြားသိနေရသည်။

အင်္ဂလန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide-CSW) က မြန်မာနိုင်ငံရှိ ခရစ်ယာန်များသည် ကန့်သတ်ချုပ်ချယ် ခွဲခြားဆက်ဆံ နှိပ်ကွပ်ခြင်းများ ခံစားနေရကြောင်း အစီရင်ခံ စာတစ်စောင် ထုတ်ပြန်ခဲ့ပြီး ဗြိတိသျှ ပါလီမန်အမတ်အချို့ကလည်း မြန်မာနိုင်ငံအတွင်း ဘာသာရေး လွတ်လပ်ခွင့်များ ချိုးဖောက်ခံနေရသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပေးရန် ယခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာနှင့် အဆိုပြုချက်တို့သည် မြန်မာနိုင်ငံ၏ ဘာသာရေးဆိုင်ရာ အေးချမ်းညီညွတ်နေမှု အခြေအနေကို အနှောင့်အယှက်ပြုရာရောက်သည့်အပြင် ဘာသာဝင်များအချင်းချင်း အထင်အမြင်လွဲမှားစေရန်နှင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက အထင်အမြင် လွဲမှားစေရန် ကြံစည်လုပ်ဆောင်ချက်များသာဖြစ်သည်။

ယင်းသို့ ပြည်ပအဖွဲ့အစည်းအချို့၏ စွပ်စွဲလှုပ်ရှားဆောင်ရွက်နေမှုများသည် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ၊ ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်းတို့နှင့် လုံးဝပါဝင်ပတ်သက်ခြင်းမရှိကြောင်း သဘောထားမှန်ကို ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင် မိမိတို့ယုံကြည်ရာ ဘာသာဟူသမျှကို လွတ်လပ်စွာ ကိုးကွယ်ဝတ်ပြုခွင့်၊ ဖော်ထုတ်ဟောပြောခွင့် ကောင်းကျိုးတရားများ ရှင်သန်ထွန်းကားနေသော်လည်း အနောက်နိုင်ငံကြီးအချို့နှင့် လက်ဝေခံအဖွဲ့အစည်းများက မမှန်မကန်လုပ်ကြံစွပ်စွဲမှုများဖြင့် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုများသည် မရိုးနိုင်သော နယ်ချဲ့လက်သစ်တို့၏ လုပ်ရပ်များသာဖြစ်ကြောင်း သုံးသပ်ရှုမြင်မိပါသည်။ ။




လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ [အမှတ်(၃၂-၃၄)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်] သို့ မိခင် ဒေါ်အေးအေးနွဲ့အားရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ၈၇ လမ်းနေ မဖြူဖြူဝင်း၊ မဖြူဖြူသင်း၊ မအေးအေးချို၊ မအေးအေးသန်း၊ မအေးအေးဆန်း မိသားစုက ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။

(က-ပ)

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်

- ❒ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး၊
- ❒ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ❒ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ❒ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်း ကြိုးပမ်းရေး။

# နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ ဆက်လက်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်ရှိ မြို့တော်ခန်းမ၌ကျင်းပမည့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မီးရထား၊ လေကြောင်းခရီးများဖြင့် ရောက်ရှိလာကြရာ နေပြည်တော်ရှိ ရွာတော်ဘူတာနှင့် နေပြည်တော်လေဆိပ်တို့၌ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင်နေရာချထားပေးကြသည်။

ယနေ့ နေပြည်တော်သို့ ရောက်ရှိလာကြသည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များမှာ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရခိုင်ပြည်နယ်များမှ ဖြစ်ကြသည်။(သတင်းစဉ်)



**နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်မည့် ကချင်ပြည်နယ်မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့် အတူ တွေ့ရစဉ်။**

(သတင်းစဉ်)

**နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်မည့် ကရင်ပြည်နယ်မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော် သို့ ရောက်ရှိလာရာ ကြိုဆိုသူ များနှင့်အတူ တွေ့ရစဉ်။**

(သတင်းစဉ်)



## မီးစက်လှူဒါန်းနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ကျေးဇူးတော်ရှင် ဘဝနတ်ထံပျံလွန်တော်မူသွားသည့် မြင်းခြံဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သော "အောင်မြေဘုံယံ" သံဝေဂဘုန်းတော်ကြီးကျောင်းတွင် အသုံးပြုရန် မီးစက်တစ်လုံးနှင့် မီးကြိုးလိုအပ်လျက်ရှိရာ လှူဒါန်းလိုသူများသည် ဖေဖော်ဝါရီ ၁၈ ရက်မတိုင်မီ ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း) စုပေါင်းရုံဝင်း အင်းစိန် ဖုန်း ၀၁-၆၄၂၈၅၈၊၆၄၀၄၈၇ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၁)

➪ ၂၀၀၇ ခုနှစ်မှ

၃။ မြန်မာနိုင်ငံကုန်သည်သင်္ဘော အက်ဥပဒေတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(၃)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(3) near coastal voyage ship means a ship employed in trading between any ports in the Union of Myanmar or between any port in the Union of Myanmar and any port or place in India or Pakistan or in the Straits Settlements, or in the Island of Sri-Lanka or countries as stated in the notification published by the Department of Marine Administration with the approval of the Ministry of Transport;"

၄။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင်–

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၃၇–ည၊ ပုဒ်မ ၈၄၊ ပုဒ်မ ၁၄၅ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၄၅–က၊ ပုဒ်မ ၁၉၁၊ ပုဒ်မ ၂၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၂၁၆–က၊ ပုဒ်မ ၂၁၉၊ ပုဒ်မ ၂၂၄–ဂ၊ ပုဒ်မ ၂၂၄–ဃ၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၂၄၅၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၂၄၅–ည၊ ပုဒ်မ ၂၄၅–ထ၊ ပုဒ်မ ၂၇၀ နှင့် ပုဒ်မ ၂၉၄–က တို့၌ ပါရှိသော "Chairman of the State Peace and Development Council may" ဆိုသည့် စကားရပ်များကို "Ministry of Transport may, with the approval of the Government" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ခ) အထက်ပုဒ်မခွဲ(က)၌ဖော်ပြထားသော ပုဒ်များမှအပ ကျန်ပုဒ်မများတွင်ပါရှိသော "Chairman of the State Peace and Development Council" ဆိုသည့်စကားရပ်များကို "Ministry of Transport" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၅။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင်–

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ(၃)ကို အောက်ပါအတိုင်းအစားထိုးရမည်–

"(iii) to give to all persons desirous of apprenticing boys to the sea service and duly authorized so to do by the rules relating to the apprentices made under this Act, and also to owners and masters of Myanmar flagged ships requiring apprentices, such assistance as may be in their power for facilitating the making of such apprenticeships;"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်းအစားထိုးရမည်–

"Grades of certificates of competency

(1) Certificates of competency shall be granted in accordance with this Act for each of the following grades, namely:-

| | |
|---|---|
| Master (foreign-going) | - Deck Officer Class I. |
| First mate (foreign-going) | - Deck Officer Class II. |
| Second mate (foreign-going) | - Deck Officer Class III. |
| Master (Near Coastal Voyage) | - Deck Officer Class IV |
| Mate (Near Coastal Voyage) | - Deck Officer Class V. |
| First class engineer | - Marine Engineer Officer Class I. |
| Second class engineer | - Marine Engineer Officer Class II. |
| Third class engineer | - Marine Engineer Officer Class III. |
| First class engineer (Near Coastal Voyage) | - Marine Engineer Officer Class IV. |
| Second class engineer (Near Coastal Voyage) | - Marine Engineer Officer Class V. |
| Engine driver | - ---------" |

(ဂ) ပုဒ်မ၁၄၊ ပုဒ်မခွဲ(၂)၌ ပါရှိသော "as master or mate" ဆိုသည့် စကားရပ်ကို "as master, mate or engineer" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ၁၇ကို အောက်ပါအတိုင်း အစားထိုးရမည်–

"Equivalent certificate for naval officers

17(1) A naval officer Who has attained the rank of licutenant in the Myanmar Navy may be issued with an equivalent certificate to serve as master or first mate of a sea going vessel.

(2) A naval officer who has attained the rank of engineer or assistant engineer in the Myanmar Navy may be issued an equivalent certificate to serve as first class engineer or second class engineer of a sea going Vessel.

(3) The equivalent certificate shall differ in form from a certificate of competency, and shall contain the name and rank of the person to Whom it is delivered.

(4) The provisions of this Act including the penal provisions shall apply in the case of an equivalent certificate as they apply in the case of a certificate of competency.

(5) The Ministry of Transport may, with the approval of the Government make rules relating to the issue of the equivalent certificate for naval officers."

(င) ပုဒ်မ၂၂၊ ပုဒ်မခွဲ(၂)၌ ပါရှိသော "every home-trade ship of more than three hundred tons burden" ဆိုသည့်စကားရပ်ကို "every near coastal voyage ship of more than five hundred gross tonnage" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မ၂၃၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(1) Any boy not under sixteen years of age may be bound as an apprentice in the sea service to the owner of any ship registered in the Union of Myanmar to be employed in any such ship, being the property of such person, and while so employed to be taught the craft and duty of a seaman, and the provisions of the rules relating to apprentices made under this Act shall, subject to the provisions of this Act, apply accordingly."

(ဆ) ပုဒ်မ၂၇၊ ပုဒ်မခွဲ(၁)၌ ပါရှိသော "except home-trade ships of a burden not exceeding three hundred tons" ဆိုသည့်စကားရပ်ကို "except near coastal voyage ships of gross tonnage not exceeding five hundred" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မ ၃၇–ခ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"Employment of children.

37-B. No young person under sixteen years of age shall be engaged or carried to sea to work in any capacity in any ship registered in the Union of Myanmar, and no young seaman under sixteen years of age shall be engaged or carried to sea to work in any capacity in any foreign ship, except;-

(a) in a school-ship or training-ship, in accordance with the prescribed conditions; or

(b) in a ship in which all persons employed are members of one family; or

(c) in a near coastal voyage ship of gross tonnage not exceeding five hundred; or

(d) where such young person is to be employed on nominal wages and will be in the charge of his father or other adult near male relative."

(ဈ) ပုဒ်မ ၂၅၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(b) if the master, mate or engineer holds a certificate under any of the Merchant Shipping Acts, in the following cases;-

(i) where the incompetency or misconduct has occurred on a Myanmar flagged ship on or near the coasts of the Union of Myanmar, or on board a Myanmar flagged ship in the course of a voyage to a port outside of Myanmar waters;

(ii) where the incompetency or misconduct has occurred on board a ship registered in the Union of Myanmar;

(iii)where the master, mate or engineer of a ship who is charged with incompetency or misconduct on board that ship, is found in the Union of Myanmar;"

(ည) ပုဒ်မ ၂၆၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(က)နှင့် (ခ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(a) if, on any investigation made under the Merchant Shipping Acts, or on any investigation made by any Court or tribunal for the time being authorized by the legislative authority in the Union of Myanmar to make inquiry into charges of incompetency or Misconduct on the part of master, Mates or engineers of ships, or as to shipwrecks or other casualties affecting ships, the Court or tribunal reports that the master, mate or engineer is incompetent or has been guilty of any gross act or misconduct, drunkenness or tyranny, or that the loss, stranding or abandonment of, or damage to, any ship, or loss of life has been caused by his wrongful act or default;

(b) if he is proved to have been convicted of any offence which, if committed in the Union of Myanmar, Would be non-bailable."

၆။ မြန်မာနိုင်ငံ ကုန်သည်သင်္ဘော အက်ဥပဒေတွင်–

(က) ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၂၄ နှင့် ပုဒ်မ ၂၂၄–ကတို့၌ပါရှိသော ငွေပမာဏများကို "kyats 10,000" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မ ၄၀၊ ၇၁၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ပုဒ်မ ၁၁၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၂၀၊ ၂၂၁၊ ၂၂၂၊ ၂၂၄–ခ၊ ၂၂၉၊ ၂၄၅–ဇ၊ ၂၄၅–တ ၂၇၄ နှင့် ၂၈၄ တို့၌ ပါရှိသော ငွေပမာဏများကို "kyats 100,000" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၂၄– ဃ ၌ ပါရှိသော ငွေပမာဏကို "kyats 500,000" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**(ပုံ) သန်းရွှေ**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

---

**အင်တာနက်**
**စွမ်းအင်သတင်း**

# ဟိုက်ဒြိုဂျင်လောင်စာဖြင့်မောင်းသော မော်တော်ဆိုင်ကယ် မဝေးတော့သော အနာဂတ်တွင် ဈေးကွက်ဝင်လာနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၇**

ဟိုက်ဒြိုဂျင်လောင်စာကို အသုံးပြုကာ မောင်းနှင်နိုင်သော မော်တော်ဆိုင်ကယ်မှာ ယခုအခါ စမ်းသပ်အောင်မြင်နေပြီဖြစ်၍ ဈေးကွက်တင်နိုင်ရေးကိစ္စကိုပင် စဉ်းစားလာကြပြီဖြစ်သည်။

ထို မော်တော်ဆိုင်ကယ်မျိုးသည် သဘာဝပတ်ဝန်းကျင်ကို မညစ်ညမ်းစေသော ပတ်ဝန်းကျင်နှင့် လုံးဝ သဟဇာတဖြစ်သည့် ယာဉ်မျိုးဖြစ်သည်ဟု ဆိုသည်။ ယင်းမော်တော်ဆိုင်ကယ်ကို စီးသွားလျှင် ဘီးလည်သံနှင့် လေဟပ်သွားသည့်အသံကိုသာ ကြားရမည်ဖြစ်သည်။ အခြားသမားရိုးကျဆိုင်ကယ်များကဲ့သို့ ဆူညံသံမျိုးကို ကြားရမည်မဟုတ်ဟုဆိုသည်။

ထိုဆိုင်ကယ် အမျိုးအစားသည် တစ်နာရီလျှင် မိုင် ၅၀နှုန်းဖြင့် ဓာတ်ငွေ့တစ်ကြိမ်ဖြည့်ထားလျှင် မိုင် ၁၀၀ ခရီးနှင်နိုင်သည်။

သို့သော် ယင်းဆိုင်ကယ်အတွက် သုံးရသော ဟိုက်ဒြိုဂျင်ဓာတ်ငွေ့ကို ရောင်းချပေးသောဆိုင် မရှိဘဲဖြစ်နေ၍ လက်တွေ့သုံးရန် အခက်အခဲရှိသည်။

အခြားအခက်အခဲတစ်ခုမှာ ဈေးနှုန်းအခက်အခဲပင်ဖြစ်သည်။ ၁၂၅ စီစီ စက်ပါ ဆိုင်ကယ်ငယ်တစ်စီးအတွက် လက်ရှိဈေးနှုန်းသည် ပေါင်ငွေ ၆၀၀၀ ကျော်မျှရှိနေ၍ လောလောဆယ် အခြေအနေတွင် ဈေးနှုန်း လွန်စွာကြီးမြင့်နေသည်။

နောက်အခက်အခဲတစ်ရပ်မှာ ဟိုက်ဒြိုဂျင်မှာ မီးလောင်ရန် လွယ်ကူသော ပြဿနာရှိနေပြန်သည်။ ဆိုင်ကယ်စီးသူသည် မီးလောင်လွယ်သော ဟိုက်ဒြိုဂျင်ဓာတ်ငွေ့အိုးပေါ်တွင် ထိုင်နေရ၍ အန္တရာယ်များသည်ဟု ဆိုသည်။

ထိုဆိုင်ကယ် ထုတ်လုပ်သူများ၏ အဆိုအရ ဟိုက်ဒြိုဂျင်ဓာတ်ငွေ့၏ အန္တရာယ်သည် ဓာတ်ဆီအင်ဂျင်၏ အန္တရာယ်ထက်ပို၍ ကြီးမားခြင်းမရှိဟု ဆိုသည်။ ထိုမျှသာမကသေး ဟိုက်ဒြိုဂျင် အရောင်းဆိုင်မရှိသော အခက်အခဲ၊ ဈေးနှုန်းကြီးမြင့်နေသော ပြဿနာများမှာလည်းလာမည့်နှစ်အနည်းငယ်အတွင်း ပြေလည်သွားစရာရှိသည်ဟု ကျွမ်းကျင်သူများက ရှုမြင်သည်။

သို့ဖြစ်၍ အသံလုံသော၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော ဟိုက်ဒြိုဂျင်ဆိုင်ကယ်များ ဈေးကွက်သို့ရောက်လာမည့်အချိန်မှာ မဝေးတော့ဟု မှန်းဆထားကြသည်။

**အင်တာနက်။**

ဟိုက်ဒြိုဂျင်လောင်စာ အသုံးပြု၍ မောင်းနှင်ရသော ဟိုက်ဒြိုဂျင်ဆိုင်ကယ်ကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)



# အထက(၃)ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

အထက(၃)ကြည့်မြင်တိုင်(ယခင်ဝိုကျုံး)တွင် ၁၉၆၅မှ ၁၉၉၅အထိ ပညာသင်ကြားပေးခဲ့သော အသက်(၅၅)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများက နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် အဆိုပါ ကျောင်းစကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကိုယ်တိုင်မတက်ရောက်နိုင်သော ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဆရာမဒေါ်စန်းဝင်း၊ ဒေါ်ငွေရီ(ကျောင်းသူဟောင်း) ကျောင်းဖုန်း–၂၂၀၃၈၀၊ ဦးမောင်လှ ဖုန်း–၀၉၈၀–၂၃၅၇၉၊ ဦးကြည်ကို ဖုန်း–၀၉၅၁၆၃၂၆တို့ထံ အချိန်မီ အကြောင်းကြား ဆက်သွယ်ကြရန်နှင့် ကန်တော့ပွဲသို့ ကျောင်းတည်ထောင်သည့်နှစ်မှသည် ၂၀၀၅–၂၀၀၆ ပညာသင်နှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အနီးတစ်ဝိုက်၌ ရေကြီးနေသည်ကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်၌ အီရန်သံတမန်ပြန်ပေးဆွဲခံရမှု အမေရိကန်တပ်ဖွဲ့ ပါဝင်ပတ်သက်ဟု အီရန်စွပ်စွဲ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၇**

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် အီရန်လူမျိုးသံတမန်တစ်ဦး ပြန်ပေးဆွဲခံရမှုတွင် အမေရိကန်တပ်ဖွဲ့ပါဝင်ပတ်သက်ဖွယ်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

**ပြန်ပေးဆွဲ**

မြို့တော်ဘဂ္ဂဒက်ရှိ အီရန်သံရုံးမှ ဒုတိယအတွင်းဝန် ဂျလားရှာရာဖီသည် ကာရာဒါရပ်ကွက်တွင် တနင်္ဂနွေနေ့က ပြန်ပေးဆွဲခံခဲ့ရသည်။ အီရတ်ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်ဖွဲ့ဝင်များ၏ ယူနီဖောင်း ဝတ်ဆင်ထားသူများက ရှာရာဖီလိုက်ပါလာသော မော်တော်ကားကို ရပ်တန့်စေကာ ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

အီရန်သံတမန် ပြန်ပေးဆွဲခံရခြင်းမှာ မှန်ကန်ကြောင်း အီရတ်အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက အတည်ပြုခဲ့သည်။ အီရတ်ကြည်းတပ် တပ်ဖွဲ့ဝင်များက အီရန်သံတမန်ကို ပြန်ပေးဆွဲခဲ့ပြီး ယင်းဖြစ်စဉ်ကို အမေရိကန်တပ်ဖွဲ့ထံတိုက်ရိုက်အစီရင်ခံခဲ့ကြောင်း ၎င်းကပြောကြားသည်။

အီရန်သံတမန်ပြန်ပေးဆွဲခံရမှုတွင် အမေရိကန်တပ်ဖွဲ့ ပါဝင်ပတ်သက်နေသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူမိုဟာမက်အလီအိုစိန်နီကပြောကြားသည်။ ***အင်တာနက်။***

# စပ်မျိုးစပါးဗဟိုဌာနတည်ထောင်ရန် တရုတ်နိုင်ငံ ကူညီဆောင်ရွက်မည်

**ချန်ရှာ ဖေဖော်ဝါရီ ၇**

တရုတ်နိုင်ငံသည် အာဖရိကဒေသ စိုက်ပျိုးရေးဖွံ့ဖြိုးလာစေရန် ကူညီသည့်အနေဖြင့် စပ်မျိုးစပါး ထုတ်လုပ်သည့် ဗဟိုဌာနတစ်ခုကို မာဒါဂါစကာနိုင်ငံ၌ တည်ထောင်ထားရှိရန် စီစဉ်နေကြောင်း ဖေဖော်ဝါရီ ၃ ရက်တွင် သက်ဆိုင်ရာအရာရှိများက ပြောကြားသည်။

ထိုဗဟိုဌာနကို တရုတ်နိုင်ငံ ဟူနန်ပြည်နယ် စိုက်ပျိုးရေးသိပ္ပံ အကယ်ဒမီကတာဝန်ယူတည်ထောင် လုပ်ကိုင်သွားမည်ဖြစ်သည်။ ယင်းဌာနတည်ထောင်ရန်အတွက် လိုအပ်သောရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈ သန်းကို တရုတ်အစိုးရ ဘဏ္ဍာငွေမှ ကျခံမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများသည် ၂၀၁၀ ပြည့်နှစ်တွင် ပြီးစီးမည်ဖြစ်သည်။

တရုတ်နိုင်ငံက အာဖရိကဒေသ၌ တည်ထောင်ပေးမည့် နည်းပညာဆိုင်ရာ စီမံကိန်း ၁၀ ခုတွင် ဖော်ပြပါဌာနတည်ထောင်ရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။

တရုတ်နိုင်ငံ၏ စိုက်ပျိုးစီးပွားပညာရှင် ယွန်လောင်ပင်းဖန်တီးသော အထွက်တိုးစပါးမျိုးကို တရုတ်နိုင်ငံတွင်း၌ အများအပြားစိုက်ပျိုးလျက်ရှိသည်။ ထိုစပါး၏ အထွက်နှုန်းသည် တစ်ဟက်တာလျှင် ကီလိုဂရမ် ၁၂၀၀၀ အထိ အထွက်နှုန်းကောင်းသည်။

တရုတ်တောင်သူလယ်သမားများသည် တစ်နှစ်လျှင် စပ်မျိုးစပါး ဟက်တာ ၁၅ သန်းစိုက်ပျိုးသည်။ နိုင်ငံရှိ စပါးစိုက်ပျိုးမြေ၏ ၅၁ ရာခိုင်နှုန်းအထိပင်ရှိသည်။ ဆန်စပါးစားသုံးမှုသည် အာရှ၊ အာဖရိကနှင့် လက်တင် အမေရိကဒေသများ၌ အထူးများပြားလာလျက်ရှိသည်။ ယင်းဒေသများ၌ လယ်မြေမှာ အကန့်အသတ်နှင့်ရှိနေပြီး လူဦးရေတိုးနှုန်း မြန်ဆန်နေသည်မှန်သော်လည်း လုပ်အားခမှာ သက်သာနေဆဲပင်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# ကမ္ဘာကြီးပူနွေးမှုကြောင့် ပင်လယ်ရေမြင့်လာလျှင် မော်လ်ဒိုက်ကျွန်းနိုင်ငံကွယ်ပျောက်သွားနိုင်

**ကိုလံဘို ဖေဖော်ဝါရီ ၇**

တွမ်ခရစ်ကဲ့သို့သော ဟောလိဝုဒ်အကျော်အမော်များလာရောက် အပန်းဖြေလေ့ရှိသည့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မော်လ်ဒိုက်ကျွန်းနိုင်ငံ၏ အခြေအနေသည် ကမ္ဘာ့ခေါင်းဆောင်များကသာ ကမ္ဘာကြီး ပူနွေးလာသောအဖြစ်ကို ဆောလျင်စွာမထိန်းချုပ်နိုင်လျှင်ပင်လယ်ရေပြင်အောက်နစ်မြုပ်ကာပျောက်ကွယ်သွားစရာရှိကြောင်း မော်လ်ဒိုက်သမ္မတ မူမွန်အဗ္ဗဒူလ်ဂါယွမ်က မကြာသေးမီက သတိပေးပြောကြားခဲ့သည်။

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ပင်လယ်သမုဒ္ဒရာ ရေမျက်နှာပြင်များ မြင့်တက်လာစရာရှိကြောင်းကို ကုလသမဂ္ဂရာသီဥတုဆိုင်ရာ အဖွဲ့က သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ထိုသတိပေးချက်အရဆိုပါက လာမည့် ၂၁၀၀ပြည့်နှစ်အရောက်တွင် ပင်လယ်ရေမျက်နှာပြင်သည် လက်ရှိအခြေအနေထက် ၅၉ စင်တီမီတာ သို့မဟုတ် ၂၃ ဒသမ ၂ လက်မအထိ မြင့်တက်လာနိုင်သည်ဟု ရာသီဥတုအဖွဲ့က ခန့်မှန်းထားသည်။

ယင်းခန့်မှန်းချက်အတိုင်း မြင့်တက်လာမည်ဆိုပါက အိန္ဒိယနိုင်ငံတောင်ဘက်ကမ်းခြေမှ မိုင်၅၀၀အကွာတွင်တည်ရှိသည့် မော်လ်ဒိုက်ကျွန်းတွင် ဒုက္ခနှင့်ရင်ဆိုင်ရဖွယ်ရာရှိသည်။ ထိုကျွန်းနိုင်ငံ၏ ပျမ်းမျှမြေမျက်နှာပြင် အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၁ ဒသမ ၅ မီတာသာရှိသည်။ သို့ဖြစ်၍ ပင်လယ်ရေမျက်နှာပြင်သာခန့်မှန်းချက်အတိုင်း ၅၉စင်တီမီတာ မြင့်လာနေမည်ဆိုပါက ထိုကျွန်းနိုင်ငံမှာရာစုနှစ်အနည်းငယ်အတွင်း ရေအောက်သို့ နစ်မြုပ်သွားစရာရှိကြောင်း ဂါယွမ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။***အမ်အင်အေ၊ ရိုက်တာ။***

**ဗြိတိန်နိုင်ငံ ဘရန်စကွန်ဘီကမ်းခြေတွင် သင်္ဘောပျက်မှ မျောပါလာသည့်ကုန်သေတ္တာများ သောင်တင်နေသည်ကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



# အသံထက်မြန်သော ခရုစ်ဒုံးကျည် အိန္ဒိယစမ်းသပ်

**နယူးဒေလီ ဖေဖော်ဝါရီ ၇**

အိန္ဒိယနိုင်ငံလုပ် အသံထက်မြန်သော ဘရာမို့စ်ခရုစ်ဒုံးလက်နက်ကိုအောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ပြီး ဖြစ်ကြောင်း သတင်းကို ဖေဖော်ဝါရီ ၄ ရက်က ထုတ်လွှင့်သော အိန္ဒိယရုပ်မြင်သံကြားသတင်းတွင် ဖော်ပြခဲ့သည်။

ယင်း ဘရာမို့စ်ခရုစ် ဒုံးကျည်ကို ရွေ့လျားနိုင်သော ဒုံးပစ်စင်ပေါ်မှ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ ထိုဒုံးလက်နက်သည် မြေပြင်မှ မြေပြင်သို့ ပစ်ခတ်နိုင်သော လက်နက်မျိုးဖြစ်သည်။

၎င်းဒုံးလက်နက်ကို အိန္ဒိယနှင့် ရုရှားနိုင်ငံတို့ ၁၉၉၈ခုနှစ် ဖေဖော်ဝါရီလက ချုပ်ဆိုခဲ့သည့် လက်နက်ပူးတွဲထုတ်လုပ်ရေးသဘောတူညီမှုအရ အကောင်အထည်ဖော်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ဘရာမို့စ်ဟူသောအမည်မှာ အိန္ဒိယနိုင်ငံ၏ ဗြဟ္မပုတ္တရမြစ်နှင့် ရုရှားနိုင်ငံ မော်စကိုမြစ်တို့၏အမည်များကို အစွဲပြု၍ ပေးထားသော အမည်များဖြစ်သည်။

၎င်းအမျိုးအစား ဒုံးကျည်များကို ၂၀၀၁ ခုနှစ် ဇွန်လ ၁၂ ရက်ကတည်းက ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်၍ အကြိမ်ပေါင်း ဒါဇင်နှင့်ချီ၍ စမ်းသပ်ပစ်လွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

# ဘဂ္ဂဒက်တွင်ပစ်ခတ်မှုဖြစ်ပွား နှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၇**

အီရတ်နိုင်ငံဝန်ကြီးဌာနတစ်ခုမှ ကားတစ်စီးကို လက်နက်ကိုင်တစ်စုက ဖေဖော်ဝါရီ ၄ရက်က ပစ်ခတ်ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ နှစ်ဦးသေဆုံးသွားပြီး အခြားသုံးဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းများက ဖော်ပြသည်။

အခင်းဖြစ်ပွားမှုအတွင်းသေဆုံးသွားသူတစ်ဦးမှာ အလုပ်သမားရေးရာနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်မူဟာမက်ဟာဘစ်ဟာဆန်ဆိုသူဖြစ်ပြီး အယ်ကာနတ်လမ်းပေါ်တွင် မော်တော်ယာဉ်သွားနေစဉ် ကျည်ထိမှန်သွားခြင်းဖြစ်သည်။ ထိုပစ်ခတ်မှုကြောင့် နောက်ထပ် ဝန်ထမ်းတစ်ဦးသေဆုံးရပြီး ကျန်သုံးဦးမှာလည်းဒဏ်ရာရရှိသွားကြသည်။

သီးခြားဖြစ်ပွားသော အခြားမတော်တဆမှုတစ်ခု၌လည်း အမေရိကန်တပ်ဖွဲ့များ၏ပစ်ခတ်မှုကြောင့် အီရတ်ရုပ်သံဌာနမှ အမျိုးသမီးဝန်ထမ်းစုအတ်ဒ်အီဘရာဟင်ဆိုသူမှာဒဏ်ရာရရှိသွားသည်။ သို့ရာတွင် ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်တပ်ဖွဲ့များက တစ်စုံတစ်ရာ အတည်ပြုပြောကြားခြင်းမရှိသေးကြောင်းသိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ဂျာမနီနိုင်ငံအရှေ့ပိုင်းရှိ ဒရက်စ်ဒန် တိရစ္ဆာန်ဥယျာဉ်၌ မွေးဖွားသော အာဖရိက ဆင်ကလေး ဆာဘိုအူမာဆာ၏ မွေးနေ့ပွဲ ကျင်းပနေသည်ကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ကာဇက်စတန်တွင် နှင်းမုန်တိုင်းတိုက်ခတ် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်

**အယ်လ်မာတီ ဖေဖော်ဝါရီ ၇**

ကာဇက်စတန်နိုင်ငံ မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသတွင် ပြင်းထန်သည့် နှင်းမုန်တိုင်း တိုက်ခတ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ကြောင်း နိုင်ငံ၏ အရေးပေါ်ဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

ယင်းကဲ့သို့ နှင်းမုန်တိုင်းပြင်းစွာ တိုက်ခတ်မှုကြောင့် ကာဇက်စတန်နိုင်ငံ၏ မြို့တော် အက်စတာနာနှင့် မြောက်ပိုင်းဒေသရှိ မြို့နှစ်မြို့နှင့် ဆက်သွယ်သည့် လမ်းများတွင် သွားလာမှု ပြတ်တောက်ခဲ့သည်။ မြောက်ပိုင်းပြည်နယ်ဖြစ်သည့် ကိုစတန်နေအက်ကမိုလာပြည်နယ်နှင့် အက်တီယူဆင့်ပြည်နယ်ရှိ လမ်းများကိုလည်း ပိတ်ထားခဲ့ရသည်ဟု ဒေသခံသတင်းဌာနက ဖော်ပြသည်။

ကယ်ဆယ်ရေးသမားများက နှင်းမုန်တိုင်းအတွင်း ပိတ်မိနေသည့် လူ ၅၀၀ ကျော်နှင့် မော်တော်ယာဉ်အစီး ၂၀ တို့ကို ကယ်တင်ခဲ့သည်။

ကိုစတန်နေပြည်နယ်တွင် ဟာရီကိန်းလေမုန်တိုင်း တိုက်ခတ်သဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများပျက်စီးပြီးဒေသအချို့တွင် လျှပ်စစ်မီး ပြတ်တောက်ခဲ့ရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



# အသက် ၁၈ နှစ် မပြည့်သေးသူကို လက်နက်ကိုင်တပ်ဖွဲ့များတွင် လက်ခံ၍မရ

❖ ရွှေဖုံးမှ

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jean Michel Lacombe အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ UNDP, UNICEF နှင့် ICRC တို့မှ ဌာနေကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုရှင်းလင်းပွဲသို့ တက်ရောက်လာကြသူတို့အား အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၏ ရည်မှန်းချက်နှင့် ဦးတည်ချက်များ၊ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုအခြေအနေများကို အသိပေးပြောကြားလိုကြောင်း၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်သည်အဖြစ်စုဆောင်းခြင်းကို ဟန့်တားကာကွယ်ရန်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ၏ အကျိုးစီးပွားကိုကာကွယ်ပေးရန်နှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်များနှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာစေရန်တို့အတွက် မိမိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရသော အဆိုပါကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့က ဖွဲ့စည်းခဲ့ကြောင်း။

**တင်းတင်းကျပ်ကျပ်တားမြစ်**

ကြည်းတပ်အပါအဝင် မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များသည် မိမိဆန္ဒအလျောက် ဝင်ရောက်စစ်မှုထမ်းဆောင်သောသူများဖြင့် ဖွဲ့စည်းထားသည့်တပ်ဖွဲ့များဖြစ်ကြောင်း၊ ယင်းသို့ဝင်ရောက်လာသူများသည် ၎င်းတို့ကိုယ်တိုင် လွတ်လပ်စွာဆုံးဖြတ်ဝင်ရောက်လာကြခြင်းဖြစ်ကြောင်း၊ မြန်မာ့ကာကွယ်ရေးဌာန စစ်ကောင်စီညွှန်ကြားချက်အမှတ် ၁၃/၇၃(၁၉၇၄)အရ အသက်(၁၈)နှစ် မပြည့်သေးသူကို လက်နက်ကိုင်တပ်ဖွဲ့များတွင်လက်ခံ၍မရကြောင်း၊ မည်သည့်ပုံစံဖြင့်ဖြစ်စေ၊ အဓမ္မစစ်မှုထမ်းစေခြင်းကို တင်းတင်းကျပ်ကျပ်တားမြစ်ကြောင်း၊ တပ်သားသစ် စုဆောင်းခြင်းဆိုင်ရာ အမိန့်များ၊ စည်းကမ်းများနှင့် ညွှန်ကြားချက်များကို တိတိကျကျလိုက်နာစေရန် ကြီးကြပ်မည့် ညွှန်ကြားရေးမှူးရုံးအသစ်ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် စိစစ်ခြင်းနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ပြဋ္ဌာန်းထားပြီး အနည်းဆုံးအသက်လိုအပ်ချက်မပြည့်သေးသူများ(သို့မဟုတ်) အခြားအရည်အချင်း သတ်မှတ်ချက်မပြည့်မီသူများအား လက်နက်ကိုင် တပ်ဖွဲ့များတွင် လက်မခံဘဲ ပြန်လည်စေလွှတ်ခဲ့ကြောင်း၊ သို့ဖြစ်ရာ လိုအပ်ချက်များမပြည့်မီသဖြင့် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ၅၆၇ဦးကို လက်မခံဘဲ ပြန်လည်စေလွှတ်ခဲ့ကြောင်း။



**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**သန္နိဋ္ဌာန်ချထား**

အရေးကြီးသော ကလေးစစ်သည်ငယ် ကိစ္စအပါအဝင် ကလေးသူငယ်များအား အကာအကွယ်ပေးရေးကိစ္စကို ဆောင်ရွက်မည်ဟု မြန်မာနိုင်ငံက အလေးအနက် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း၊ ဤကိစ္စနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် သက်ဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းကို အသိပေးလိုကြောင်း၊ တပ်သားသစ်စုဆောင်းခြင်းကို မည်သို့ဆောင်ရွက်သည်ကို ယင်း ကုလသမဂ္ဂအေဂျင်စီများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျမြင်တွေ့လေ့လာစေနိုင်ရန်အတွက် ရန်ကုန်နှင့် မန္တလေးမြို့များရှိ တပ်သားသစ်စုဆောင်းရေးစခန်းများသို့ မိမိတို့ပို့ဆောင်ပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပွင့်လင်းမြင်သာသည့်စိတ်ဓာတ်ဖြင့် ယင်းတို့နှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒကို မိမိအနေဖြင့် ယခု ထပ်လောင်းပြောကြားလိုကြောင်း။

မိမိပြောကြားပြီးတဲ့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ကုလသမဂ္ဂအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်နေတဲ့ ကိစ္စတွေကို အကျဉ်းချုပ်ရှင်းလင်းပြောကြားမှာဖြစ်ပြီး တပ်မတော်မှ တာဝန်ရှိသူများကလည်း တပ်သားသစ်စုဆောင်းခြင်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၏ လုပ်ရှားဆောင်ရွက်ချက်များကို တင်ပြကြမှာဖြစ်ကြောင်း၊ ယနေ့ အစီအစဉ်အပြီးသတ်အနေနှင့် ယခုတက်ရောက်လာသူများကို တပ်သားသစ်စုဆောင်းတဲ့ စခန်းတစ်ခုနဲ့ လေ့ကျင့်ရေးစခန်းတစ်ခုကို ပို့ဆောင်ပြသရန်စီစဉ်ထားကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။



**မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် UNDP, UNICEF နှင့် ICRC တို့မှ ဌာနေကိုယ်စားလှယ်များ အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ် (ဖောင်ကြီး) တွင် တပ်သားသစ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းစဉ်။** (သတင်းစဉ်)

**စီမံကိန်းချမှတ်**

ကော်မတီ၏ ဦးတည်ချက်များကို ရရှိရန်အတွက် ကော်မတီသည် အသက်(၁၈)နှစ်မပြည့်သေးသော ကလေးသူငယ်များအား လက်နက်ကိုင်တပ်ဖွဲ့များသို့ စုဆောင်းခြင်း မပြုစေရန်အတွက် တင်းတင်းကျပ်ကျပ်စိစစ်ရန် လုပ်ငန်းစီမံကိန်းကိုချမှတ်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းစီမံကိန်းတွင် တပ်သားသစ်စုဆောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စစ်မှုထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သက်ဆိုင်ရာအသိုက်အဝန်းအတွင်းသို့ ပြန်လည်နေသားကျစေရန် ဆောင်ရွက်ခြင်း၊ အများပြည်သူသိရှိစေရန် ဆောင်ရွက်ချက်များ၊ ချိုးဖောက်သူများကို အရေးယူအပြစ်ပေးခြင်း၊ အစီရင်ခံတင်ပြခြင်း၊ အကြံပြုထောက်ခံချက်များ တင်ပြခြင်းနှင့် UNICEF ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးရုံးနှင့် ICRCတို့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် ပြည့်စုံသော ဆောင်ရွက်ချက်များပါဝင်ကြောင်း။

မိမိတို့ကော်မတီသည် အဆိုပါ လုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ခြင်းကို စနစ်တကျကြီးကြပ်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ပါဝင်သော လုပ်ငန်းအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ကြောင်း။

**ငြိမ်းချမ်းတည်ငြိမ်**

မြန်မာနိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသော အခြေအနေတွင် ရှိနေသည့်နိုင်ငံ လုံးဝမဟုတ်ကြောင်းကို မိမိပြောကြားလိုကြောင်း၊ လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခြင်းဖြင့် နိုင်ငံအတွင်းမကြုံစဖူးသော ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုကို ရရှိနေကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်းသိသိသာသာ ရရှိနေပြီဖြစ်ကြောင်း၊ မိမိတို့သည် ယခုအခါ ဒီမိုကရေစီလူ့ဘောင်တည်ထောင်ရန်အတွက် နိုင်ငံရေးလမ်းညွှန်ချက်(၇)ချက်ကိုစနစ်တကျ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသော လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့၏ကိုယ်စားလှယ်များအပါအဝင် လူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံလုပ်ငန်းစဉ်တွင် ပါဝင်လျက်ရှိကြကြောင်း။



**မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် UNDP, UNICEF နှင့် ICRC တို့မှ ဌာနေကိုယ်စားလှယ်များ အမှတ်(၁) တပ်မတော်စစ်သားစုဆောင်းရေးတပ်တွင် တပ်သားသစ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းစဉ်။** (သတင်းစဉ်)

**ရှင်းလင်းပြောကြား**

ထို့နောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်းက တပ်မတော်တပ်သားသစ် စုဆောင်းရေးဆိုင်ရာ စည်းမျဉ်း၊ ညွှန်ကြားချက်များ ကျင့်သုံးဆောင်ရွက်ခြင်းနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းက တပ်မတော်၏ တပ်သားသစ်လေ့ကျင့်ရေးဆိုင်ရာ စည်းမျဉ်း၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရှင်းလင်းပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ ခေတ္တနာယက ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jean Michel Lacombe အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ UNDP, UNICEFနှင့် ICRC တို့မှ ဌာနေကိုယ်စားလှယ်များသည် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များဖြစ်ကြသော ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ငွေသိန်း၊ တာဝန်ရှိသူများနှင့်အတူ အင်းစိန်မြို့နယ် (ဒညင်းကုန်း)ရှိ အမှတ်(၁) တပ်မတော် စစ်သားစုဆောင်းရေးတပ်သို့ ရောက်ရှိကြရာ တပ်မှူး ဒုတိယဗိုလ်မှူးကြီးသန်းထူးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တပ်မတော်စစ်သား စုဆောင်းရေးဆိုင်ရာ စည်းမျဉ်း၊ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ခြင်းနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သံတမန်များနှင့် UNDP, UNICEF နှင့် ICRCတို့မှ ဌာနေကိုယ်စားလှယ်များသည် အမှတ်(၁) တပ်မတော်စစ်သားစုဆောင်းရေးတပ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တပ်သားသစ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ထိုမှတစ်ဆင့် သံတမန်များ၊ UNDP, UNICEF နှင့် ICRC တို့မှ ဌာနေကိုယ်စားလှယ်များသည် လှည်းကူးမြို့နယ်ရှိ အမှတ်(၁)စစ်အခြေခံလေ့ကျင့်ရေးတပ်(ဖောင်ကြီး) သို့ရောက်ရှိကြရာ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တပ်မတော်၏ တပ်သားသစ်လေ့ကျင့်ရေးဆိုင်ရာစည်းမျဉ်း၊ ညွှန်ကြားချက်များကို ထပ်မံရှင်းလင်းပြောကြားသည်။

ယင်းနောက် သံတမန်များနှင့် UNDP, UNICEF နှင့် ICRCတို့မှ ဌာနေကိုယ်စားလှယ်များသည် အမှတ်(၁) စစ်အခြေခံလေ့ကျင့်ရေးတပ်(ဖောင်ကြီး)အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တပ်သားသစ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

(သတင်းစဉ်)





## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြို့ကြီးရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ရေးလုပ်ငန်းများ ကြည့်ရှု မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၇

**မန္တလေးတိုင်း မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ ကျောက်ဆည်မြို့သို့ရောက်ရှိကြပြီး ကျောက်ဆည်မြို့ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခရိုင်ရုံး၌ ကျောက်ဆည်ခရိုင်ရှိ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူဆီနမူနာ ထုတ်လုပ်ထားရှိမှုကိုလည်းကောင်း၊ ပျိုးပေါင်များဖြင့် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့သည် ပျိုးထုပ်များအတွင်း ခြံစည်းရိုး ကြက်ဆူမျိုးစေ့များကို စိုက်ထည့် ပျိုးထောင်ပေးကြသည်။

ကျောက်ဆည်ခရိုင်အတွင်း၌ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုအနေဖြင့် တစ်အုပ်တစ်မ စိုက်ခင်း ၁၄၃၆ဧက၊ ယာမြေ ခြံစည်းရိုးများ၌ စိုက်ပျိုးခြင်းဧက ၂၃၀၅၀၊ မြေသစ် ခုတ်ထွင်စိုက်ပျိုးခြင်း ၁၀၂ဧက၊ ကျေးလက်အိမ်ခြေအလိုက် စိုက်ပျိုးခြင်း ၇၇၇ဧက၊ ကျေးလက်လမ်းဘေးဝဲယာ စိုက်ပျိုးခြင်း ၄၅၄ဧက၊ ဆည်မြောင်းများဘေး ဝဲယာ စိုက်ပျိုးခြင်း ၂၇၁ဧက၊ မြစ်ရေတင်စီမံကိန်းများ ဘေးဝဲယာ၌ စိုက်ပျိုးခြင်း ၂၂ ဧက စုစုပေါင်း ၂၆၁၁၂ဧက စိုက်ပျိုးရှင်သန်လျက်ရှိပြီး ၂၀၀၇-၂၀၀၈ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူ ၂၂၂၁၁ဧက တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့မှ ကျောက်ဆည်-သံရွာ-ရွာငံလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်မှ မွန်ပြည်နယ် ပေါင်မြို့နယ်သို့ ဆက်သွယ် ဖောက်လုပ်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ရေးလုပ်ငန်း ကျောက်ဆည်ခရိုင် ဖျောက်ဆိပ်ကုန်းကျေးရွာအနီး ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ရေးလုပ်ငန်းတွင် မန္တလေးတိုင်းအတွင်း၌ ပါရှိသော ခရိုင်အသီးသီး၏ မြို့နယ်အလိုက် လမ်းမိုင်များနှင့် မြေသားလမ်းများ အခြေအနေ၊ တစ်ကြောင်းထိုးမှ ပေ ၃၀လမ်း၊ ၄င်းမှ ကတ္တရာလမ်းသို့ တိုးမြှင့်ဖောက်လုပ်ခဲ့မှု၊ လမ်းပိုင်းပေါ်၌ တံတားနှင့် ရေပြွန်များဆောက်လုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးသည်။

အဆိုပါ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်မှ မွန်ပြည်နယ် ပေါင်မြို့နယ်သို့ ဆက်သွယ် ဖောက်လုပ်နေသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)မှာ အရှည်မိုင် ၄၄၀နှင့် ခြောက်ဖာလုံရှိရာ မန္တလေးတိုင်းအတွင်း၌ စုစုပေါင်း အရှည်မိုင် ၂၁၃မိုင် နှစ်ဖာလုံ ပါဝင်ပြီး ခရိုင်ငါးခရိုင်ကို ဖြတ်သန်းဖောက်လုပ်သွားမည်ဖြစ်သည်။ ယခုအခါ တိုင်းစည်ပင်သာယာရေးအဖွဲ့မှ မြေသားလမ်း ၁၁၇မိုင် တစ်ဖာလုံ၊ ကျောက်ချောလမ်းရှစ်မိုင်ခုနစ်ဖာလုံ၊ ကတ္တရာလမ်းသုံးမိုင်၊ သစ်သားတံတား ၁၂စင်း၊ ဇော်ဂျီမြစ်ကူး ကွန်ကရစ်တံတား တစ်စင်း၊ ရေပြွန် ၂၄၂စင်းနှင့် ရေကျော် ၁၈စင်း ဖောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ရေးလုပ်ငန်း ကျောက်ဆည်ခရိုင်အပိုင်း၌ မြေသားလမ်းများ ခင်းကျင်းထားရှိမှုကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်းမိုင်တိုင် (၂၈/၀)နှင့်(၂၇/၀)အကြား၌ မြေသားလမ်းအား ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား သတ်မှတ်လမ်းအကျယ် ပြည့်မီအောင်ရရှိရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် သံရွာအနီး ခရိုင်ချင်းဆက်လမ်းပိုင်းပေါ်၌ တည်ဆောက်ပြီးစီးသွားသော အကျယ် ၂၄ပေ၊ အရှည်ပေ၁၈၀ရှိ ဇော်ဂျီမြစ်ကူး သံရွာတံတား(နောင်ခမ်း)သို့ ရောက်ရှိပြီး တံတားတည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းများ ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကင်းရွာအနီးရှိ ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်နေသော ရေလွှဲဆည်(Supply Channel) များတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် မြို့ကြီးရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ တည်ဆောက်ရေး(၄)တာဝန်ခံ ဦးမျိုးထွန်းက မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေလွှဲဥမင်၊ ပင်မတမံ၊ ရေအားလျှပ်စစ်ဥမင်လိုဏ်နှင့် အဆောက်အအုံ တည်ဆောက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရှုရပ်မှနေ၍ လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တမံအောက်ခြေ ရေစိမ့်ခြင်းမှ ကာကွယ်ရန် TMWစက်များဖြင့် ရေစိမ့်တားနံရံ တူးဖော်ဆောက်လုပ်နေမှုနှင့် တမံကို မြေများစတင်ဖို့နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံ ဦးမျိုးထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေလွှဲဥမင်လိုဏ် အဝင်ဘက်ခြမ်း၌ လိုဏ်အတွင်း ဥမင်လိုဏ်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေလွှဲဥမင်အတွင်းဘက်ခြမ်း ဥမင်လိုဏ်တူးဖော်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ရေလွှဲဥမင်လိုဏ်မှာ အလျား ၁၅၇၅ပေ၊ အချင်း၁၈ပေရှိပြီး ဥမင်အဝင်ဘက်ခြမ်း၌ ၆၂၆ပေနှင့် ဥမင်အထွက်ဘက်ခြမ်း၌ ၆၅၃ပေ စုစုပေါင်း ၁၂၇၉ပေ တူးဖော်ပြီးစီးနေပြီ ဖြစ်သည်။ ဥမင်တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် ၂၉၆ပေသာ ကျန်တော့ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေအားလျှပ်စစ် ဥမင်လိုဏ်နှင့် တူးဖော်နေမှုလုပ်ငန်းသို့သွားရောက်၍ ဥမင်လိုဏ်တူးဖော်နေမှုနှင့် သံမဏိခုံးများ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ရေအားလျှပ်စစ် ဥမင်လိုဏ်မှာ အလျား ၁၆၉၈ပေ၊ အချင်း ၁၉ ဒသမ ၇ ပေရှိပြီး ယခုအခါ လိုဏ်အရှည် ၆၆ ပေ တူးဖော်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၇)မှ တည်ဆောက်နေခြင်းဖြစ်ပြီး တမံအလျား ၂၄၆၁ပေ၊ တမံအမြင့် ၂၅၈ပေ ဖြစ်သည်။

မြေသားတမံဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ၃၅၉၅၀ဧကပေ၊ ကန်ရေသေ ရေလှောင်ပမာဏ ၅၉၇၇၀ ဧကပေ ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ၁၅မီဂါဝပ်နှစ်လုံး တပ်ဆင်မည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်စွမ်းအားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၃၅၇၀ဖြစ်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ မွန်းလွဲပိုင်းတွင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီး၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံက စီမံကိန်းအတွင်း၌ မြို့ပြဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ပင်မမြောင်း၊ လက်တံမြောင်း၊ လက်တံခွဲမြောင်းနှင့် မြောင်းခွဲငယ်များ တူးဖော်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မိတ္ထီလာခရိုင်၏ ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသစိမ်းလန်းရေး အတွက်ပါ ထောက်ကူပေးနိုင်မည့် စီမံကိန်းလုပ်ငန်းကြီးတစ်ခုဖြစ်၍ ဂရုတစိုက်ကြပ်မတ် ဆောင်ရွက်သွားကြရေး၊ ရေရှည်ခိုင်မြဲစေရန် ယခု စတင် တည်ဆောက်ကတည်းကပင် လုပ်ငန်းများကို စနစ်တကျ သေသပ်ကျနစွာဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်စီမံဆောင်ရွက်ပေး၍ ပင်မမြောင်း တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းမှာ မြို့ကြီးရေလှောင်တမံနှင့် ကျိုင်းခမ်းရေလှောင် တမံများမှ တည်ဆောက်၍ ပိုလျှံသော ရေများကို စုပ်တင်၍ မိတ္ထီလာလွင်ပြင်သို့ ရေပို့လွှတ်နိုင်ရန် တည်ဆောက်နေခြင်းဖြစ်သည်။ အမြင့်ပေ ၄၀၀၌ ပင်မရေတင်စခန်းတစ်ခု တည်ဆောက်ပြီး ထပ်ဆင့်ရေတင်စခန်း ခုနစ်ခုဖြင့် တင်ပို့သွားမည်ဖြစ်သည်။ စီမံကိန်းပြီးစီးသွားပါက လယ်မြေဧက သုံးသောင်းကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျေးရွာချင်းဆက် လမ်းများမှတစ်ဆင့် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အပိုင်းရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး လမ်းပိုင်းပေါ်၌ အလျားပေ ၃၀၊ အကျယ် ၁၄ပေရှိ ချောင်းကူးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အပိုင်း၌ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ထားမှုနှင့် သာစည်မြို့နယ်အစ လမ်းပိုင်းအမာခံမြေသား ခင်းကျင်းထားရှိမှုကိုလည်းကောင်း၊ မိုင်တိုင် (၇၄/၀)အနီး သာစည်မြို့နယ် ဇဝင်းကျေးရွာ၌ ဆင်းရဲကြာ နေကြာမျိုးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ခရိုင်ချင်းဆက် လမ်းဘေး ဝဲယာ၌ ဒေသခံတောင်သူများ၏ နေကြာနှင့် ကုလားပဲစိုက်ခင်းများကိုလည်းကောင်း၊ လမ်းပိုင်း မြေသားလမ်း ဖောက်လုပ်ထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ချင်းဆက်လမ်းနှင့် မိတ္ထီလာ-တောင်ကြီး ကားလမ်း လှိုင်းတက်ကျေးရွာအနီး လမ်းဆုံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကံလှက ခရိုင်ချင်းဆက် လမ်းပိုင်းပေါ်၌ ကျောက်လမ်း မိုင် ၆၀ခင်းကျင်းမည့် အစီအစဉ်များနှင့် ယခု ဘဏ္ဍာရေးနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လှိုင်းတက်-ကင်းသာ လမ်းပိုင်း လှိုင်းတက်ကျေးရွာအနီး၌ ခရိုင်ချင်းဆက်လမ်းအား အမာခံမြေသားလမ်း ခင်းကျင်းထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ရေး လုပ်ငန်းတွင် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာမှ ပျော်ဘွယ်မြို့နယ် ကင်းသာကျေးရွာအထိ မြေသားလမ်းအရှည်မှာ မိုင် ၅၀ ရှိ၍ ကျေးရွာ ၂၁ရွာကို ဖြတ်သန်းသွားမည်ဖြစ်ပြီး အဆိုပါကျေးရွာများမှာ ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်နေမှုကြောင့် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းများ၊ မြင့်မားတိုးတက်လာလျက်ရှိကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သာစည်မြို့နယ် အုတ်ဖိုကျေးရွာ တောင်ဘက် တစ်မိုင်ခန့်အကွာ၌ စမုံမြစ်ပေါ်၌ တည်ဆောက်ထားသည့် အကျယ်ပေ ၄၀၊ ရေကျအနက် ၁၀ပေ၊ ရေလျှံအမြင့်ရှစ်ပေရှိ ထူးတွင်းကျောက်စီရေလွှဲဆည်ဟောင်းနေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား တိုင်းဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ထူးတွင်းရေလွှဲဆည် တည်ဆောက်ထားရှိမှုနှင့် ရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေလွှဲဆည် တိုးချဲ့ပြုပြင်ခြင်းဖြင့် တိုးချဲ့စိုက်ပျိုးနိုင်မည့် ဧကများ စနစ်တကျတွက်ချက်တိုင်းတာရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေလွှဲဆည်ဟောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ ရေလွှဲဆည်အား တိုးချဲ့ပြုပြင်ပြီး လယ်မြေဧက ၃၀၀၀ကို မိုးတွင်းကာလတွင် ရေပေးဝေသွားနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သာစည်မြို့နယ် ထူးတွင်းကျေးရွာနှင့် အုတ်ဖိုကျေးရွာတို့မှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး မိတ္ထီလာမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

အဆိုပါ သဘောထားကြေညာချက်များအနက် **အိုလမာအစ္စလာမ် သာသနာ့ပညာရှင်များအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်** နှင့် **အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်၏ သဘောထားထုတ်ပြန်ကြေညာချက်** အပြည့်အစုံတို့မှာ အောက်ပါအတိုင်းဖြစ်သည်-

## ပြည်ထောင်စုမြန်မာနိုင်ငံတော် အိုလမာအစ္စလာမ် သာသနာ့ပညာရှင်များအဖွဲ့ချုပ် ဘာသာရေးကိုခုတုံးလုပ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန် ကြိုးပမ်းဆောင်ရွက်နေသော ပြည်ပနိုင်ငံကြီးများ၏လုပ်ရပ်များနှင့်စပ်လျဉ်း၍ သဘောထားထုတ်ပြန်ချက်

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သော်လည်း လုံခြုံရေးကောင်စီ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ DOUBLE VETO ဖြင့် ကန့်ကွက်ပယ်ချခဲ့ခြင်းကြောင့် ၎င်းတို့၏အကြံ မအောင်မြင်ခဲ့ပါ။

(၂) တစ်ဖန် အမေရိကန်နှင့် ဗြိတိန်တို့သည် ဘာသာရေးကို ခုတုံးလုပ်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရှိရပါသည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ဘာသာကြီး(၄)ရပ်ဖြစ်သော ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာတို့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီမှ ယနေ့တိုင် တစ်ဘာသာနှင့် တစ်ဘာသာ ချစ်ခင်ရင်းနှီးစွာ အပြန်အလှန်နားလည်မှု၊ ရိုင်းပင်းကူညီမှုများဖြင့် သဟဇာတရှိစွာ ယှဉ်တွဲဆက်ဆံနေထိုင်ခဲ့ကြပါသည်။ ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ ကိစ္စရပ်များအတွက်လည်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်အရ ဗလီဝတ်ကျောင်းများ၊ Church ဘုရားကျောင်းများ၊ စေတီပုထိုးများ၊ ကျောင်း၊ ကန်၊ ဇရပ်များနှင့် ဘုံကျောင်းများ မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ရှိနေပါသည်။

(၄) အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့က ဘာသာရေးကို အကြောင်းပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြံစည်သောလုပ်ရပ်များသည် နည်းလမ်းမှန်ကန်သော လုပ်ရပ်များ မဟုတ်ကြောင်း အိုလမာအစ္စလာမ် သာသနာ့ပညာရှင်များအဖွဲ့ချုပ်အနေဖြင့် လက်မခံနိုင်ကြောင်းဖြင့် သဘောထားထုတ်ပြန်အပ်ပါသည်။

**အိုလမာအစ္စလာမ်သာသနာ့**
**ပညာရှင်များအဖွဲ့ချုပ်**



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ဇန်နဝါရီ ၃၁ရက်တွင် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (သတင်းဖော်ပြပြီး)
(သတင်းစဉ်)

## အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်၏ သဘောထားထုတ်ပြန်ကြေညာချက်(၂/၂၀၀၇) [Christian Solidarity Worldwide (CSW) ၏ အစီရင်ခံစာနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာခြင်း]

၁။ မြန်မာနိုင်ငံတွင် ဟိန္ဒူသာသနာ၊ ဗုဒ္ဓသာသနာ၊ ခရစ်ယာန်သာသနာနှင့် အစ္စလာမ်သာသနာစသည့် ဘာသာသာသနာအယူဝါဒ အသီးသီးတို့သည် လွန်ခဲ့သော နှစ်ပရိစ္ဆေဒ ကြာမြင့်စွာမှအစပြု၍ ရောက်ရှိထွန်းကားခဲ့ပြီး ၎င်းဘာသာဝင်အသီးသီးတို့သည် စည်းလုံးညီညွတ်စွာဖြင့် အေးချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။

၂။ ထိုသို့အေးချမ်းစွာတည်ရှိနေသည့် အခြေအနေတွင် ၂၃-၁-၂၀၀၇ရက်စွဲဖြင့် Christian Solidarity Worldwide (CSW)အဖွဲ့က အစီရင်ခံစာတစ်ရပ်ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံ၌ ဘာသာရေးလွတ်လပ်မှုကို နေရာအနှံ့ ချုပ်ချယ်မှုရှိကြောင်း၊ ဘာသာရေးလူနည်းစုများကို ခွဲခြားခြင်းရှိကြောင်း၊ ခရစ်ယာန်များနှင့် မွတ်စလင်မ်များအား အကြမ်းဖက် နှိပ်စက်ခြင်းများရှိကြောင်း၊ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များနှင့် သီလရှင်များကို ဖမ်းဆီးထောင်ချခြင်းများရှိကြောင်း၊ မြန်မာအစိုးရက ဘုရားကျောင်းများနှင့် လက်ဝါးကပ်တိုင်များကို ဖျက်ဆီးခဲ့ကြောင်း၊ ဘုရားကျောင်းများ ပြန်လည်ပြင်ဆင်ခွင့် မရစေရေးအတွက် ခက်ခဲအောင် ပြုလုပ်ထားကြောင်း စွပ်စွဲဖော်ပြ၍ မြန်မာနိုင်ငံမှ ဘာသာရေးလွတ်လပ်မှု ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးခံရခြင်းအတွက် United Nations Special Rapporteur for Freedom of Religion and Belief က စုံစမ်းစစ်ဆေးပေးရန် တိုက်တွန်းကြောင်း ဖော်ပြပါရှိကြောင်း သိရှိရပါသည်။

၃။ ၎င်းအစီရင်ခံစာ၌ ဖော်ပြပါရှိချက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လုံးဝကွဲလွဲလျက်ရှိနေပေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် သာသနာရေးဝန်ကြီးဌာနအား ဖွဲ့စည်းထားရှိ၍ ဟိန္ဒူသာသနာ၊ ဗုဒ္ဓသာသနာ၊ ခရစ်ယာန်သာသနာနှင့် အစ္စလာမ်သာသနာတို့၏ နိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းများအား ဆက်သွယ်၍ သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရက သာသနာ့ထောက်ပံ့ကြေးငွေများ ထောက်ပံ့ချီးမြှင့်ခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်ရန် လိုအပ်သော ထောက်ခံခွင့်ပြုမှုများ ပြုလုပ်ပေးခြင်း၊ ဘာသာရေးပွဲတော်များ ကျင်းပနိုင်ရန် လိုအပ်သောအစီအမံများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာ ဘာသာရေးညီလာခံများ တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးများတွင်လည်း သက်ဆိုင်ရာ ဘာသာဓလေ့ထုံးတမ်းအရ စီရင်ဆောင်ရွက်ခြင်း စသဖြင့် လိုအပ်သော ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်မှာ အထင်အရှားဖြစ်သဖြင့် (CSW) အဖွဲ့၏ အစီရင်ခံစာတွင် ပါရှိချက်များသည် မှားယွင်းကြောင်း သိသာထင်ရှား ပေါ်လွင်ပါသည်။

၄။ ထိုအစီရင်ခံစာ၌ ဖော်ပြပါရှိချက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ဆန့်ကျင်လျက်ရှိသဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ တည်ရှိနေပြီးသော ဘာသာပေါင်းစုံ ချစ်ကြည်မှုကို ထိခိုက်စေရန် ဆောင်ရွက်ခြင်းဖြစ်သဖြင့်လည်းကောင်း၊ **"ဘာသာရေး"** ကို **"နိုင်ငံရေး"** အတွက် ခုတုံးလုပ် အသုံးချရန် ကြံရွယ်ဆောင်ရွက်ခြင်းဖြစ်သဖြင့်လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်က ၎င်းအစီရင်ခံစာအား လုံးဝလက်မခံနိုင်ကြောင်းနှင့် ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်၊**
**အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်**

**ရက်စွဲ၊ ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ၊ (၃၀)ရက်။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၈-၂-၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅ ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၃၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၅ ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၅)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" (အပိုင်း-၄)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

## မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ Engineering Profession အမည်ဖြင့် စာတမ်းဖတ်ပွဲကို တက္ကသိုလ်များ(လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ဖေဖော်ဝါရီ ၁၀ ရက်မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ထိုစာတမ်းဖတ်ပွဲတွင် ASIAN Institute of Technology မှ President ဖြစ်သူ ပါမောက္ခ Irandoust နှင့် Vice President ဖြစ်သူ ဒေါက်တာဒေါ်ခင်နီနီသိန်းတို့က ဟောပြောဖတ်ကြားကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၈-၂-၂၀၀၇ (ကြာသပတေးနေ့)

၇:၀၀ MRTV-4 အဖွင့်Logo ယနေ့အစီအစဉ်
၇:၀၅ မိဘကျေးဇူးအကျေဆပ်နည်း တရားတော် အရှင်အာစာရာလင်္ကာရ ဆရာတော် (အပိုင်း-၁)
၇:၄၀ ပြည်တွင်းအနုပညာရေးရာ
၈:၁၀ တေးဂီတအစီအစဉ်
၈:၁၅ ပျိုမေတို့အလေးထား ထိန်းသိမ်းစရာ ဆံကေသာ
၈:၂၅ တေးဂီတအစီအစဉ်
၈:၃၀ MRTV-4 ကျန်းမာရေး ကဏ္ဍ (စိတ်ပိုင်းဆိုင်ရာ ရောဂါလက္ခဏာများ) ဒေါက်တာဇော်စိန်လွင် (စိတ်ရောဂါအထူးကု)
၉:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၀၅ သံဂဟောအတတ်ပညာ (အပိုင်း-၁)
၉:၁၅ တေးဂီတအစီအစဉ်
၉:၂၀ ယနေ့သိပ္ပံနှင့်နည်းပညာ
၉:၃၅ မိုးလေဝသခန့်မှန်းချက်
၉:၄၀ အသိဉာဏ်ဘဏ်ဘဏ်တိုက် စာကြည့်တိုက် (ရှမ်းပြည်နယ်တောင်ပိုင်း) (လွိုင်လင်ခရိုင်)
၉:၅၀ တေးဂီတအစီအစဉ်
၉:၅၅ သွားမယ် စားမယ် (ရွှေလီကောင်း)
၁၀:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၀ စပါးစပ်မျိုးမှ ဝတ်မှုန်အသုံးပြု၍ တစ်သျှူးနည်းဖြင့် မျိုးပွား၍ စပါးထုတ်လုပ်ခြင်း
၁၀:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅ နုနယ်နက်ရှိုင်းသော အတွေးတို့မှသည် အဖြူရောင်များ ပေါ်သို့
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ
၁၁:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅ မြန်မာမှုအနုလက်ရာပန်းပု (အပေါင်း)ပညာ
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ မြန်မာစာ၊မြန်မာစကား(၄)
၁၂:၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၂:၁၀ Celebrity Style [မော်ဒယ်(လ်)ခရစ္စတီးနားနှင့် တွေ့ဆုံခြင်း]
၁၂:၂၅ ကရင်ရိုးရာဝတ်စား ဆင်ယင်မှု
၁၂:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅ အသိပညာမြှင့်တင်ပေး သစ်သီးဝလံစိုက်ပျိုးရေး
၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## အထက(၂) ဖျာပုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

အထက(၂) ဖျာပုံ ကျောင်းသားဟောင်းများ ဦးစီးကျင်းပသော သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၇ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၂) ဖျာပုံကျောင်းခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပူဇော်ပွဲအတွက် အလှူငွေထည့်ဝင်လိုသူများသည် ဦးကျော်ကျော် ဖုန်း-၀၉၅၀ ၁၆၈၄၃၊ ဦးမိုးဆွေ ဖုန်း-၅၁၄၃၂၁၊ ဦးဗဟိန်း ဖုန်း-၀၄၅-၄၀၇၂၅၊ ဦးလေးမြင့် ဖုန်း-၀၉၅၀ ၁၄၃၃၅၊ ဦးကျော်တင့် ဖုန်း-၂၈၃၁၉၄နှင့် ဦးလှိုင်ထွန်း ဖုန်း-၀၄၅-၄၀၅၉၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

**စာမျက်နှာ ၉ ဆောင်းပါးမှအဆက်**

**အမျိုးသားညီလာခံသာလျှင် အနာဂတ်နိုင်ငံတော် အရေးအတွက် တစ်ခုတည်းသော ဆွေးနွေးရန်နေရာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်နဲ့ ဒီမိုကရေစီကို အနှစ်သာရရှိရှိ ခိုင်ခိုင်မာမာကျင့်သုံးနိုင်ရန် လိုအပ်တဲ့ အခြေခံမူများကို ချမှတ်နေတဲ့ အမျိုးသားညီလာခံကိုသာ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း ထပ်မံပြောကြားလို။**

**ကြီးကြီးမြ။** ဘယ်လိုပဲ အဆင်ပြေချောမွေ့အောင် တွေ့ဆုံဆွေးနွေးစီစဉ်ပေးခဲ့ပေမယ့် ပိုးသာကုန် မောင်ပုံစောင်းမတတ် ဆိုသလိုပါပဲကွယ်။ နိုင်ငံနဲ့ပြည်သူတွေအတွက် အကျိုးရလဒ်ကောင်း ဘာတစ်ခုမှ ပေါ်ထွက်မလာခဲ့ပါဘူး။

**စိုးမြကျော်။** ဘယ်ပေါ်ထွက်ပါ့မလဲ ကြီးကြီးရယ်။ သူတို့က ပြည်ပဆရာကြီးတွေရဲ့ ကျား၊ ကျား–မီးယပ်ကုထုံးအတိုင်း ဆေးစားမှားနေကြတာကိုး။

**ဘကြီးစိုး။** အဲဒီလို ဒေါ်စုကြည်နဲ့ တွေ့ဆုံဆွေးနွေးမှုတွေကနေ အကျိုးရလဒ်ကောင်းတွေ ပေါ်ထွက်မလာပေမယ့် ယခင်အမျိုးသားညီလာခံမှာ တက်ရောက် တွေ့ဆုံဆွေးနွေးခဲ့တဲ့ NLD ရွေးချယ်ခံကိုယ်စားလှယ် တချို့ဆီကတော့ အကျိုးရလဒ်ကောင်းတွေ ထွက်ပေါ်ခဲ့တာကိုလဲ ဝမ်းမြောက်ဖွယ် တွေ့ရှိရတယ်ကွယ့်။

**စိုးမြကျော်။** ဟုတ်လားဘကြီး။ ကျွန်တော် အမှုမဲ့အမှတ်မဲ့ဖြစ်သွားလို့ ရှင်းပြပေးပါဦး။

**ဘကြီးစိုး။** ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်ကြောင့် ၁၉၉၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့မှာ အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာခဲ့ကြရပေမယ့် NLD ပါတီဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်အများစုကတော့ အဲဒီလုပ်ရပ်အမှားကို ပြန်လည်ဝေဖန်သုံးသပ်ခဲ့ကြတယ်ကွယ့်။

**ကြီးကြီးမြ။** အဲဒီ အမျိုးသားညီလာခံကိုယ်စားလှယ် NLD ပါတီဝင် ပုဂ္ဂိုလ်အချို့က ပါတီတွင်း ဒီမိုကရေစီကျင့်သုံးမှုနဲ့အညီ သုံးသပ်တင်ပြခဲ့ပေမယ့် ဒေါ်စုကြည်က လက်မခံဘဲ ပယ်ချခဲ့တယ်လေ။

**စိုးမြကျော်။** ဒါဟာ NLD ပါတီအတွင်းမှာ ပါတီနိုင်ငံရေးထက် အမျိုးသားနိုင်ငံရေးကို ဦးစားပေး ဆောင်ရွက်လိုသူတွေ၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုထက် အခြေခံမူဝါဒလမ်းစဉ်ကို စွဲစွဲမြဲမြဲ လိုက်နာကျင့်သုံးလိုသူတွေလဲ ရှိနေသေးကြောင်း ဖော်ပြနေတာပဲနော် ဘကြီး။

**ဘကြီးစိုး။** ဒါပေါ့ကွယ်။ ၁၉၉၈ ခုနှစ်မှာ ဒေါ်စုကြည်က တစ်စခန်းထပြီး လွှတ်တော်ကို ဘယ်နေ့မှာ ခေါ်ပေးရမယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ(CRPP) ဖွဲ့စည်းတယ်ဆိုပြီး ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေ လုပ်လာပြန်တယ်။

**ကြီးကြီးမြ။** ဒေါ်စုကြည်နဲ့ NLD ဗဟိုရဲ့ အဲဒီနိုင်ငံရေး၊ စည်းရုံးရေးလုပ်ရပ်အမှားတွေကို ပြုပြင်သင့်ကြောင်း တိုင်းအဆင့် ပါတီစည်းရုံးရေးကော်မတီဝင်အချို့နဲ့ အရွေးချယ်ခံကိုယ်စားလှယ်အချို့ ပါဝင်တဲ့ ၂၅ ဦးအဖွဲ့က စာတမ်းရေးသား တင်ပြခဲ့ကြပြန်တယ်လေ။

**စိုးမြကျော်။** အဲဒီအကြံပြုချက်စာတမ်းကို ပါတီဝင်ထုအတွင်းမှာ ချပြဆွေးနွေးခဲ့ကြမှာပေါ့နော်ကြီးကြီး။

**ကြီးကြီးမြ။** ဟုတ်လိမ့်မယ်အားကြီး။ ဒေါ်စုကြည်က ပါတီဝင်တွေရဲ့စကားနဲ့ ပြည်သူလူထုရဲ့အသံကို နားမှလေသံကြားချင်တာမဟုတ်ဘူး။ ဒေါ်စုကြည်ရဲ့မျက်စောင်း အကြောင်းသုံးပါးမရွေးဘူး ဆိုသလိုပဲ အဲဒီစာတမ်းတင်တဲ့ ပါတီဝင် ၂၅ ဦးကို သစ္စာဖောက်တွေလို့သမုတ်ပြီး ပါတီက ဖြုတ်ထုတ်ခဲ့တယ်လေကွယ်။

**ဘကြီးစိုး။** အဲဒီအချိန်ကစပြီး NLD ပါတီအတွင်းမှာ **ပြည်ပအားကိုးရေးနဲ့ အမျိုးသားရေး** ဆိုပြီး အယူအဆ ကွဲခဲ့ကြတယ်။ တချို့သက်ကြီးရွယ်အို NLD CEC တွေကတော့ သေမထူး နေမထူး ဖြစ်နေပြီမို့ ဒေါ်စုကြည်အလိုအတိုင်း ချော်လဲရောထိုင်လုပ်နေကြတုန်းပဲ ဖြစ်တယ်။ အမျိုးသားရေးကို ရှေးရှုတဲ့ ပါတီဝင်တွေကတော့ NLD ထဲက တဖွဲဖွဲနုတ်ထွက်နေကြတာ ယနေ့အထိပါပဲ။

**စိုးမြကျော်။** ဒါဆို NLD ပါတီရဲ့ ရှေ့အလားအလာကို ဘယ်လိုသုံးသပ်လို့ ရနိုင်မလဲဘကြီး။

**ဘကြီးစိုး။** အဲဒီလိုသုံးသပ်ဖို့အတွက် အခုပြန်လည်ကျင်းပနေတဲ့ အမျိုးသားညီလာခံရဲ့ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေတွေနဲ့ ဆက်စပ်နှိုင်းယှဉ်လေ့လာကြည့်ရမှာဖြစ်တယ်။

**ကြီးကြီးမြ။** ၂၀၀၃ ခုနှစ် ဩဂုတ်လမှာ နိုင်ငံတကာကရော၊ ပြည်သူလူထုအတွင်းမှာရော၊ နိုင်ငံရေး ပါတီတွေထဲမှာရော ပွင့်ပွင့်လင်းလင်းထင်သာမြင်သာရှိအောင် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ကြေညာခဲ့တယ်။

**စိုးမြကျော်။** ဟုတ်ကဲ့ပါကြီးကြီး။ အဲဒီမူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအဆင့်လဲဖြစ်ပြီး အရေးအကြီးဆုံး အဆင့်လဲဖြစ်တဲ့ အမျိုးသားညီလာခံကို ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့မှာ ပြန်လည်ကျင်းပခဲ့ကြောင်း သိရပါတယ်။

**ဘကြီးစိုး။** အဲဒီလို ပြန်လည်ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ အခု သူတို့အကြောင်းပြပြီး ပြောနေဆိုနေကြတဲ့ သက်ဆိုင်သူအားလုံး ပါဝင်တက်ရောက် ဆွေးနွေးနိုင်အောင် နိုင်ငံတော် အစိုးရက လမ်းဖွင့်ပေးခဲ့ပါတယ်။

**ကြီးကြီးမြ။** အမျိုးသားညီလာခံ ပြန်လည်မကျင်းပမီမှာ ယခင်အမျိုးသားညီလာခံကို တက်ရောက်ခဲ့တဲ့ ကိုယ်စားလှယ်အားလုံး တက်ရောက်ကြဖို့ နိုင်ငံတော်ဘက်က ဝတ္တရားမပျက်ဘဲ ဖိတ်ကြားခဲ့တယ်လေ။

**ဘကြီးစိုး။** ဒါ့အပြင် တစ်နိုင်ငံလုံးကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တွေ ပါဝင်တက်ရောက်နိုင်ဖို့အတွက် မြန်မာနိုင်ငံမှာ မြို့နယ် ၃၆၅ မြို့နယ်ရှိတဲ့အနက် တစ်မြို့နယ်ကနေ အနည်းဆုံးကိုယ်စားလှယ် တစ်ဦးကျစီ ပါဝင်တက်ရောက်နိုင်အောင် ဖိတ်ကြားခဲ့တယ်။ စုစုပေါင်း အမျိုးသားညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးအထိ ဖိတ်ကြားတက်ရောက်စေခဲ့ပါတယ်။

**စိုးမြကျော်။** အဲဒီအထဲမှာ NLD ကိုယ်စားလှယ်တွေ မပါဘူးလားဘကြီး။ သူတို့ကိုလဲ ဖိတ်ကြားခဲ့တယ်ဆို။

**ဘကြီးစိုး။** ဖိတ်ကြားခဲ့ပါတယ်ကွယ်။ ပထမတော့ ကောင်းပြီကောင်းရက်နဲ့ ဖိတ်ကြားစာတွေကို လက်ခံခဲ့တယ်။ အဲဒီလိုလက်ခံရာမှာလဲ တောင်းဆိုချက်အမျိုးမျိုး တောင်းဆိုခဲ့တယ်။ နိုင်ငံတော်ကလဲ လိုက်လျောသင့်တာတွေကို လိုက်လျောပေးခဲ့ပါတယ်။

**ကြီးကြီးမြ။** နောက်ဆုံး ညီလာခံစတင်ခါနီးရက်နဲ့ကပ်ပြီး သူတို့မတက်နိုင်ဘူးလို့ ငြင်းပယ်ခဲ့တယ်။ သူတို့နဲ့အတူ SNLD လည်း ရောပါသွားခဲ့တာပေါ့ကွယ်။

**စိုးမြကျော်။** တော်တော်ခက်တဲ့ နိုင်ငံရေးသမား ဆိုသူတွေပါလား ဘကြီး။ သူတို့ပဲ တွေ့ဆုံဆွေးနွေးရေးဆိုတာကို တစာစာတောင်းဆိုခဲ့ကြတယ်။ နိုင်ငံတော်က စိတ်ရှည်သည်းခံလိုက်လျောမှုတွေနဲ့ အကြိမ်ကြိမ် တွေ့ဆုံ ဆွေးနွေးခဲ့တာပဲ။ အခွင့်အလမ်းတွေ ဖွင့်ပေးခဲ့တာပဲ။

**ဘကြီးစိုး။** NLD က ပါတီအနေနဲ့ အမျိုးသားညီလာခံကို မတက်ရောက်ခဲ့ဘူးဆိုပေမယ့် NLD ပါတီရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ ထုတ်ပယ်ခံခဲ့ရတဲ့ ပါတီဝင်တွေထဲက ရွေးချယ်ခံကိုယ်စားလှယ် ခုနစ်ဦးကတော့ တစ်သီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ်တွေအဖြစ် အမျိုးသားညီလာခံကို ယုံကြည်သက်ဝင်စွာနဲ့ ဆက်လက်တက်ရောက်ခဲ့ကြပါတယ်။

**စိုးမြကျော်။** ဒါဆို ရှင်းနေပြီပဲ ဘကြီးရယ်။ ၁၉၉၃ ခုနှစ်မှာ ဒေါ်စုကြည်ရဲ့ လောင်းရိပ်အောက်က လွတ်မြောက်ခဲ့တဲ့ ဦးအောင်ရွှေ အပါအဝင် NLD ကိုယ်စားလှယ် ၈၆ ဦး အမျိုးသားညီလာခံမှာ ပါဝင်တက်ရောက်ခဲ့ကြတယ်။ အခုအမျိုးသားညီလာခံမှာလဲ ဒေါ်စုကြည်ရဲ့ လောင်းရိပ်အောက်က ရုန်းထွက်နိုင်ခဲ့တဲ့ ယခင် NLD ရွေးချယ်ခံကိုယ်စားလှယ် ခုနစ်ဦးက တစ်သီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ်များအဖြစ် ပါဝင်တက်ရောက်နေကြတာပဲ။

**ကြီးကြီးမြ။** မောင်ကျော် သုံးသပ်တာမှန်တယ်ကွယ့်။ **ဒါဟာ ပုဂ္ဂိုလ်ရေးအရ ရွေးချယ်မှုမဟုတ်ဘဲ အမျိုးသားနိုင်ငံရေးအရ ရွေးချယ်မှုဖြစ်တယ်။ ဒီအချက်ဟာ အခုအမျိုးသားညီလာခံမှာ NLD တက်ရောက်ခြင်း၊ မတက်ရောက်ခြင်းဆိုတာရဲ့ အကြောင်းရင်းကို ကွက်ကွက်ကွင်းကွင်း သိသာထင်ရှားစေတဲ့ အချက်ပဲဖြစ်တယ်။**

**စိုးမြကျော်။** သမိုင်းရေစီးကြောင်းတစ်ကွေ့မှာတော့ မိကျောင်းမှန် ဆန်လိမ့်မည်၊ သစ်တုံးမှန် စုန်လိမ့်မည်ဆိုတဲ့ အတိုင်းပဲနော်။

**ဘကြီးစိုး။** မှန်တာပေါ့ကွယ်။ အခုဆိုရင် ဘကြီးတို့ အမျိုးသားညီလာခံမှာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်က ၆၀ ရာခိုင်နှုန်းကျော် ပါဝင်နေတယ်။ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့တဲ့ တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့တွေက ကိုယ်စားလှယ်တွေလဲ ရာနဲ့ချီ ပါဝင်နေတယ်။

**ကြီးကြီးမြ။** မပါဝင်တာဆိုလို့ NLD၊ SNLD နဲ့ တောတွင်းလက်ကျန် သောင်းကျန်းသူအဖွဲ့ အချို့ဆိုတဲ့ လက်တစ်ဆုပ်စာမျှသာ ရှိပါတော့တယ်။

**စိုးမြကျော်။** အခုအချိန်ကျမှ အမျိုးသားညီလာခံကြီးကို ရပ်တန့်ပြီး သူတို့နဲ့ တွေ့ဆုံဆွေးနွေးရေး လုပ်ဖို့ဆိုတာ ဖြစ်နိုင်ပါဦးမလားဘကြီး။

**ကြီးကြီးမြ။** အဲ့ဒီလိုလုပ်ခဲ့ပြန်ရင် အားလုံးက စိတ်တူကိုယ်တူနဲ့ လက်နဲ့ရေးခဲ့တာကို သူတို့ကခြေနဲ့ ဖျက်ကြဦးမှာ သေချာပါတယ်။ အချိန်တွေလဲ ကုန်လွန်ကြာမြင့်လာခဲ့ပါပြီ။ ၁၉၉၅ ခုနှစ်က တစ်ကြိမ်၊ ၂၀၀၄ ခုနှစ်က တစ်ကြိမ် အမေရိကန်ရဲ့ ပယောဂကြောင့် ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ အမျိုးသားညီလာခံကို NLD ကသာ ဆန့်ကျင်ကျောခိုင်းငြင်းပယ်မှု မပြုခဲ့ရင် အခုအချိန်လောက်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်နေလောက်ပါပြီ။

**ဘကြီးစိုး။** ဒီနေရာမှာ သူတို့တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးရေးဆိုတာနဲ့ပတ်သက်ပြီး ဘကြီးလက်လှမ်းမီသမျှ နိုင်ငံတော်အစိုးရရဲ့ မူဝါဒဆိုင်ရာ ရှင်းလင်းပြောကြားချက်တွေကို ဖော်ပြလိုပါတယ်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့ကကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားတဲ့မိန့်ခွန်းမှာ **“အမျိုးသား ညီလာခံကြီးမှာ နေရာဒေသတိုင်းက တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာတဲ့ တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်ကြီးများ အစုံညီဆုံး တက်ရောက်ခဲ့ကြတာဖြစ်တဲ့အတွက် အမျိုးသားညီလာခံကြီးကို ပျက်စီးရာ ပျက်စီးကြောင်း ကြံစည်နေကြသူတွေရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ တောင်းဆိုချက်ဟာလဲ အနှစ်သာရပြည့်ဝလှတဲ့ အမျိုးသားညီလာခံကြီးရဲ့ မှန်ကန်တဲ့ အရှိန်အဝါအောက်မှာ သေးသိမ်ပျောက်ကွယ် သွားပြီဖြစ်ကြောင်း ပြောကြားလိုပါတယ်”**လို့ ရှင်းလင်းပြောကြားခဲ့တာ တွေ့ရှိရတယ်ကွယ့်။

**ကြီးကြီးမြ။** ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားညီလာခံနဲ့စပ်လျဉ်းတဲ့ သတင်းစာရှင်းလင်းပွဲမှာလည်း အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက **“နိုင်ငံတော် အစိုးရအနေနဲ့ NLD အား အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့ လက်တွဲခေါ်ယူခဲ့ပေမယ့် NLD ဟာ ယခင်ကျင့်သုံးခဲ့သော ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး စတဲ့ မူဝါဒများကိုပဲ ဆက်လက်ကိုင်စွဲနေခဲ့တဲ့အတွက် ယခုအချိန်မှာ NLD အား ထပ်မံတွေ့ဆုံဆွေးနွေးရန် အကြောင်းမရှိတော့ပါ”**လို့ ပြည်တွင်း ပြည်ပ သတင်းစာဆရာတွေကို ရှင်းလင်းပြောကြားသွားတာ တွေ့ရတယ်ကွယ့်။

**ဘကြီးစိုး။** ဒါ့အပြင် **“အမျိုးသားညီလာခံဟာ NLD တောင်းဆိုတဲ့ နှစ်ဖက်တွေ့ဆုံဆွေးနွေးရေးထက်ရော၊ မဲသရောထ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးထက်ရော ပိုမိုကျယ်ပြန့်ပြီး ပြည်သူအားလုံးကို ပိုမိုကိုယ်စားပြုနေတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံသာလျှင် အနာဂတ်နိုင်ငံတော်အရေးအတွက် တစ်ခုတည်းသော ဆွေးနွေးရန်နေရာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်နဲ့ ဒီမိုကရေစီကို အနှစ်သာရရှိရှိ ခိုင်ခိုင်မာမာကျင့်သုံးနိုင်ရန် လိုအပ်တဲ့အခြေခံမူများကို ချမှတ်နေတဲ့ အမျိုးသားညီလာခံကိုသာ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း ထပ်မံပြောကြားလိုပါတယ်”**လို့လဲ ရှင်းလင်းပြောကြားသွားတာကို ဘကြီးတို့ လေ့လာတွေ့ရှိရတယ်။

**ကြီးကြီးမြ။** အဲဒီ သတင်းစာရှင်းလင်းပွဲမှာပဲ သတင်းစာဆရာတစ်ဦးရဲ့ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်းဖြေကြားရာမှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက **“NLD ဟာ ၎င်းတို့နဲ့ တွေ့ဆုံဆွေးနွေးရေးကိုသာ တောင်းဆိုနေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ NLD ကို အကြိမ်ကြိမ် အခွင့်အရေးပေးခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီလို ပေးလိုက်တိုင်း လက်ရှိဆောင်ရွက်နေမှုများ ပျက်ပြားအောင် လုပ်ဆောင်ခဲ့တာကို တွေ့ရမှာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူများလိုလားတဲ့ ဒီမိုကရေစီဖော်ဆောင်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုသာ ဆက်လက်ကျင်းပပြီး အခြေခံဥပဒေဖြစ်ထွန်းပေါ်ပေါက်အောင် ဆောင်ရွက်သွားမယ်လို့ ခံယူထားပါတယ်”**လို့ ရှင်းလင်းပြောကြားသွားတာကို တွေ့ရှိရတယ်ကွယ့်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ➪

➪ စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

**စိုးမြကျော်။** **ဟုတ်ကဲ့ပါဘကြီး။ အဲဒီရှင်းလင်းပြောကြားချက်တွေအရဆိုရင် NLD နဲ့ တွေ့ဆုံဆွေးနွေးဖို့ မရှိတော့ဘူးဆိုတာ ပေါ်လွင်နေပါတယ်။ ဒါဆို NLD အပါအဝင် အခြားဆန့်ကျင်ဘက် နိုင်ငံရေး ပါတီတွေအတွက် အနာဂတ်အလားအလာ ဘယ်လိုရှိလာမလဲ ဘကြီး၊ သုံးသပ်ဆွေးနွေး ရှင်းပြပေးပါဦး။**

**ကြီးကြီးမြ။** **မောင်ကျော်ရေ၊ ရှင်းရှင်းပြောရရင်တော့ NLD ရဲ့ တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေးဆိုတဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် မူဝါဒအမှားကို လေ့လာတွေ့ရှိ သိမြင်နေတဲ့ ပြည်သူတချို့ကဆိုရင် မြန်မာ့နိုင်ငံရေးခရီးစဉ်ရဲ့ အမျိုးသားနိုင်ငံရေး ကဏ္ဍမှာ NLD ကို ချန်ထားရစ်ခဲ့ဖို့တောင် ဆန္ဒရှိနေ၊ ပြောဆိုရေးသားနေကြတာ တွေ့နေရတယ်ကွယ့်။**

**ဘကြီးစိုး။** **ဟုတ်တယ်ကွယ့်။ အဲဒီလို နိုင်ငံရေး၊ စည်းရုံးရေး အမှားဝဲဂယက်က ရုန်းမထွက်နိုင်ဘဲ ပြုပြင်ပြောင်းလဲမှုမရှိတော့တဲ့ NLD ရဲ့လုပ်ရပ်တွေကြောင့် ပြည်သူတချို့ရဲ့ အယူအဆကမင်းကြီးကြီး ဆွေးနွေးသွားသလို မြန်မာ့နိုင်ငံရေးခရီးစဉ်ရဲ့ အမျိုးသားရေးကဏ္ဍမှာ NLD ကို ချန်ထားရစ်ခဲ့ဖို့အထိ ဆန္ဒပြင်းပြနေကြတာ အမှန်ပဲ။ ဒီကိစ္စမှာ နိုင်ငံတော်ရဲ့သဘောထားကိုတော့ လက်ရှိကျင်းပဆောင်ရွက်နေတဲ့ အမျိုးသားညီလာခံနဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်တို့နဲ့ ဆက်စပ်ပြီး သုံးသပ်ရှင်းလင်းရမယ်လို့ ဘကြီးထင်တယ်ကွယ့်။**

**စိုးမြကျော်။** ဟုတ်ကဲ့၊ ရှင်းပြပေးပါဦးဘကြီး။

**ဘကြီးစိုး။** နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် အခန်းပေါင်း(၁၅)ခန်းရှိတဲ့အနက် ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့က ဒီဇင်ဘာလ ၂၉ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံမှာ နောက်ဆုံးကျန်ရှိနေသော အခန်း(၇)ခန်းဖြစ်တဲ့ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့နဲ့စပ်လျဉ်းပြီး ညီလာခံကိုယ်စားလှယ်အစုအဖွဲ့အသီးသီးက အကြံပြုချက်စာတမ်းတွေ ရေးသားပြုစု ဖတ်ကြားတင်ပြခဲ့ကြပြီး ဖြစ်တယ်ကွယ့်။

**စိုးမြကျော်။** ဒါဆို အမျိုးသားညီလာခံကို ပြန်လည်ကျင်းပရင် အဲ့ဒီအခန်းတွေအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူတွေကို ညီလာခံကိုယ်စားလှယ်တွေရဲ့ ဆန္ဒနဲ့အညီ ချမှတ်သွားနိုင်တော့မှာပေါ့နော်ဘကြီး။

**ဘကြီးစိုး။** ဒါပေါ့ကွယ်။ အဲဒီလို အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးသွားတဲ့အခါမှာ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ အမျိုးသားညီလာခံက ချမှတ်ပေးသော အခြေခံရမယ့်မူတွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲနိုင်တော့မှာဖြစ်တယ်ကွယ့်။

**ကြီးကြီးမြ။** အဲဒီရေးဆွဲပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုသွားမှာဖြစ်တယ်။ ဒါ့ကြောင့်အဲ့ဒီဆန္ဒခံယူပွဲမှာ နိုင်ငံရေးပါတီအသီးသီးကပါတီဝင်တွေလဲ ပြည်သူတွေနဲ့အတူ ပါဝင်ဆန္ဒပြုနိုင်ကြမှာ ဖြစ်တယ်ကွယ့်။ ပြည်သူတွေရဲ့ ဆန္ဒနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပြီးရင် အဲ့ဒီအခြေခံဥပဒေနဲ့အညီ လွှတ်တော်များဖွဲ့စည်းရေးအတွက် ရွေးကောက်ပွဲတွေ ကျင်းပသွားမှာဖြစ်တယ်။

**ဘကြီးစိုး။** **အဲဒီလို ရွေးကောက်ပွဲတွေ ကျင်းပတဲ့အခါကျရင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးပါတီများအခန်းပါ ပြဋ္ဌာန်းချက်တွေနဲ့ ညီညွတ်တဲ့ နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနဲ့အညီ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရကြမှာဖြစ်တယ်။ အဲ့ဒီအချိန်မှာ NLD အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံရေးပါတီများအခန်း ပြဋ္ဌာန်းချက်တွေနဲ့အညီ တရားဝင်ပါတီအဖြစ် ရှိနေသေးရင် အခြားပါတီတွေနည်းတူ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမှာပါပဲ။**

**စိုးမြကျော်။** ရှင်းပါပြီ ဘကြီးနဲ့ကြီးကြီးတို့ခင်ဗျား။ **အခုမှပဲ တွေ့ဆုံဆွေးနွေးရေး...တွေ့ဆုံဆွေးနွေးရေးလို့ဆိုပြီး နိုင်ငံတော်နဲ့ပြည်သူတွေရဲ့ နောက်ကျောကို ဓားနဲ့ထိုးဖို့ အကြိမ်ကြိမ် စီမံလုပ်ကြံနေတဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေရဲ့ အန္တရာယ်စက်ကွင်းက လွတ်ကင်းအောင် လမ်းပြလက်တွဲခေါ်ဆောင်နေတဲ့ နိုင်ငံတော်နဲ့ အတူတကွ ပါဝင်ပူးပေါင်းချီတက်နေကြတဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများရဲ့ အမြော်အမြင်ကြီးမားမှုကို အထူးပဲ ကျေးဇူးတင်ရှိရပါတယ်။**

**ဘကြီးစိုး။** ဒါပေါ့ကွယ်။ **တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး၊ တွေ့ဆုံဆွေးနွေးရေးနဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူဒဏ်ခတ်ရေး** ဆိုတဲ့ ဗိုလ်ကျစိုးမိုးရေး ရာဇသံအောက်က ဒို့တစ်တွေရုန်းထွက်ကျော်လွှားပြီး **မှန်ကန်သော တွေ့ဆုံဆွေးနွေးရေးဖြစ်တဲ့ အမျိုးသားညီလာခံဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး** ကို ဖော်ဆောင်နိုင်တဲ့အတွက် နိုင်ငံနဲ့ ပြည်သူတွေအတွက် အကျိုးကျေးဇူးရလဒ်ကောင်းတွေ ထပ်မံဖြစ်ထွန်းရရှိလာဦးမှာ မလွဲဧကန်ပါပဲ။ ။

# အာရှဇုန် ပထမအဆင့် ခြေစစ်ဘောလုံးပွဲ မြန်မာနှင့် အိန္ဒိယ သရေကျ
# မြန်မာအသင်း အပိုင်ဂိုးသွင်းခွင့်များရသော်လည်း အဆုံးသတ်ပိုင်းအားနည်း

**သတင်း-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)**

ရန်ကုန် ဖေဖော်ဝါရီ ၇

**၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ အာရှဇုန်ပထမအဆင့် ခြေစစ်ဘောလုံးပြိုင်ပွဲအဖြစ် မြန်မာအိုလံပစ်အသင်းနှင့် အိန္ဒိယအိုလံပစ်အသင်းတို့၏ ခြေစစ်ပွဲပထမအကျော့ပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။**

**မြန်မာအိုလံပစ်အသင်း -တစ်ဂိုး**
(ကျော်သီဟ)
**အိန္ဒိယအိုလံပစ်အသင်း -တစ်ဂိုး**
(နံပါတ်-၇ SYED RAHIM NABI)
**ဒိုင်လူကြီး** -ABDUL MALIK
(စင်ကာပူ)

မြန်မာ အိုလံပစ်အသင်းသည် အိမ်ကွင်းအဖြစ်ကစားရသော ယခုပွဲတွင် အနိုင်မကစားနိုင်သောကြောင့် အဝေးကွင်းတွင် အနိုင်ရရန် ကြိုးစားယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ မြန်မာအိုလံပစ်အသင်းမှာ ကစားသမားအချို့ ခြေစွမ်းမပြနိုင်ခြင်း၊ အပြီးသတ်ဂိုးသွင်းမသေချာခြင်းတို့ကြောင့် အိမ်ကွင်းအနိုင်ရလဒ်ကို ရရှိအောင်မစွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဧည့်သည် အိန္ဒိယအိုလံပစ်အသင်းသည် အဝေးကွင်း၌ကစားရသော်လည်း ရှိန်နေခြင်းမရှိဘဲ ရဲရဲတင်းတင်းတုံ့ပြန်ကစားခဲ့သောကြောင့် မြန်မာအိုလံပစ်အသင်း အခက်တွေ့ရသည်။ ဒုတိယပိုင်းထက် ပထမပိုင်းတွင် အိန္ဒိယအသင်းမှာ မြန်မာအသင်းဘက်ကို ဖိကစားနိုင်ခဲ့ပြီး ဦးဆောင်ဂိုးလည်း စတင်သွင်းယူနိုင်ခဲ့သည်။

၂၀၀၇ခုနှစ် အာဆီယံ တံခွန်စိုက်ဘောလုံးပြိုင်ပွဲဝင်ခဲ့သည့် လက်ရွေးစင်အသင်းမှ ကျော်ဇင်ထက်(ဂိုး)၊ မိုးဝင်း၊ ဇော်ထက်အောင်၊ ခင်မောင်လွင်၊ ခင်မောင်ထွန်း၊ စိုးသီဟအောင်၊ အောင်မြင့်အေး၊ စည်သူဝင်းနှင့် အောင်မျိုးသန့်တို့ကိုးဦးကို အမာခံထား၍ ဟန်ဝင်းအောင်၊ အောင်ဝင်းနိုင်တို့နှင့်တွဲဖက်ကာ ပွဲထုတ်လာသည့် မြန်မာအိုလံပစ်အသင်းမှာ ပွဲအစတွင် ကစားကွက်တည်မရ ဖြစ်နေသောကြောင့် အိန္ဒိယအသင်းကို အသာစီးမှ မကစားနိုင်ခဲ့ပေ။ မြန်မာအသင်းကစားကွက်တည်မရ ဖြစ်နေသောကြောင့် အိန္ဒိယအသင်းပိုဖိကစားလာနိုင်သည်။

## ဦးဆောင်နေ

ပထမပိုင်း ၃၈မိနစ်တွင် နံပါတ်-၇ SYED RANIM NABI က ပိုင်နယ်တီစည်းနားတွင် ရရှိသော ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်း၍ ပထမပိုင်းအပြီးတွင် အိန္ဒိယက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

အရှုံးဂိုးကိုချေပနိုင်ရန် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားအားကိုမြှင့်တင်လာသည်။ ဒုတိယပိုင်းအစတွင် ခင်မောင်ထွန်းအစား ရာဇာဝင်းသိန်း၊ ၁၀မိနစ်တွင် အောင်မျိုးသန့်အစား မျိုးမင်းထွန်းတို့ကိုထည့်ပြီးကစားခဲ့ရာ တိုက်စစ်အား သိသိသာသာတက်လာပြီး အိန္ဒိယဘက်သို့ တရစပ်ဖိကစားလာနိုင်သည်။

## ထိုးဖောက်

၂၅မိနစ်တွင် နောက်တန်း ဘယ်အစွန်လူ အောင်ဝင်းနိုင်ကို ထုတ်ပြီး ခံစစ်၌သုံးဦးတည်းထားကာ ကွင်းလယ်တိုက်စစ်သမားကျော်သီဟ ထည့်ပြီး တိုက်စစ်အားပိုမြှင့်လာသည်။ မြန်မာအသင်း၏မနားတမ်း ထိုးဖောက်မှုများကြောင့် အိန္ဒိယနောက်တန်း တရစပ်ဖျက်ထုတ်နေရပြီး ၃၆မိနစ်တွင် ဖျက်ထုတ်နေသည့်ကြားမှ ဂိုးပြန်ပေးလိုက်ရသည်။ ရာဇာဝင်းသိန်းပေးသည့် ဘောလုံးကို ကျော်သီဟက ပိုင်နယ်တီဧရိယာ အစပ်မှကန်သွင်းယူ၍ တစ်ဂိုးစီ သရေဖြစ်သွားသည်။




**"မြန်မာအသင်းမှာ တောင့်တင်းသောအသင်းဖြစ်ပြီး ယနေ့ပွဲမှာ ခက်ခဲသည့် ပွဲတစ်ပွဲဖြစ်ပါကြောင်း" အိန္ဒိယအိုလံပစ်အသင်း နည်းစနစ်ဒါရိုက်တာ ကောလင်းဟောလ် ပြောကြားစဉ်။** ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာအသင်းသည် ဒုတိယအကျော့အဖြစ် အိန္ဒိယနိုင်ငံတွင် ကစားရမည်ဖြစ်သည်။ မြန်မာအိုလံပစ်အသင်းတွင် ဂိုး-ကျော်ဇင်ထက်၊ နောက်တန်း-ဟန်ဝင်းအောင်၊မိုးဝင်း၊ဇော်ထက်အောင်၊ အောင်ဝင်းနိုင်(ကျော်သီဟ)၊ အလယ်တန်း-အောင်မျိုးသန့်(မျိုးမင်းထွန်း)၊ စိုးသီဟအောင်၊ အောင်မြင့်အေး၊ ခင်မောင်ထွန်း (ရာဇာဝင်းသိန်း) ခင်မောင်လွင်၊ ရှေ့တန်း-စည်သူဝင်း တို့ ပါဝင်ကစားသွားကြသည်။

## ကြိုးစားကစား

ပွဲအပြီးတွင် မြန်မာအိုလံပစ်အသင်း နည်းပြချုပ် ဦးဆန်းဝင်းက မိမိတို့အသင်း အနိုင်ရသင့်ပါကြောင်း၊ ဂိုးသွင်းခွင့်များစွာရရှိခဲ့သော်လည်း တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ကြောင်း ဂိုးသွင်းခွင့်များစွာ ရရှိခဲ့၍ တိုက်စစ်ပိုင်းအားနည်းသည်ဟုပြော၍မရကြောင်း၊ အဆုံးသတ်အားနည်း၍သာ သရေဖြစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယပိုင်းတွင် နောက်ခံလူတစ်ဦးကိုထုတ်ပြီးခံစစ်၌ သုံးယောက်တည်းထားပြီး တိုက်စစ်မှူးသုံးယောက်လုပ်ကာ ဂိုးရရန်ကြိုးစားကစားခဲ့ပါကြောင်း၊ အိန္ဒိယအသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်ပါကြောင်း၊အိန္ဒိယအသင်းမှာ တွဲလုံးများဖြင့် ထိုးဖောက်တာများပြီး တိုက်စစ်မှူးများကို အားကိုးကစားတတ်ကြောင်း၊ အိန္ဒိယအသင်း၏ အားနည်းချက်မှာ နောက်တန်း ကစားသမားများ လေးပြီး နောက်တန်းနှင့် အလယ်တန်းကြားတွင် ကွက်လပ်များဖြစ်ပေါ်နေတတ်ကြောင်း။



**"မိမိတို့အိမ်ကွင်းတွင် အနိုင်မရခဲ့သော်လည်း အဝေးကွင်း၌ အနိုင်ယူပြီး နောက်တစ်ဆင့် တက်နိုင်အောင် ကြိုးစားသွားမည်" နည်းပြချုပ် ဦးဆန်းဝင်းပြောကြားစဉ်။**
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

အိမ်ကွင်း၌ သရေကျသည့်အပြင် ဂိုးတစ်ဂိုးပါပေးလိုက်ရ၍ အိန္ဒိယမြေတွင် ကစားရမည့် ဒုတိယအကျော့မှာ ခက်ခဲတော့မည်ဖြစ်ပါကြောင်း၊ အိန္ဒိယအသင်းမှာ သူတို့ကွင်းတွင် ကစားပုံမာကျော၍ သတိထားပြီး ကစားရမည်ဖြစ်ပါကြောင်း၊ ဒုတိယအကျော့ပွဲစဉ်တွင် အနိုင်ရရှိအောင် အားနည်း/အားသာချက်များကို ပြုပြင်ပြင်ဆင်ပြီး ကြိုးစားသွားမှာ ဖြစ်ပါကြောင်း၊ တစ်ဆင့်တက်နိုင်အောင် ကြိုးစားသွားမည်ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

## ပြောကြား

အိန္ဒိယအိုလံပစ်အသင်း၏ နည်းစနစ်ဒါရိုက်တာ ကောလင်းဟော(လ်)က မိမိအနေဖြင့် အသင်းကို ပြင်ဆင်ချိန်နှစ်ပတ်ကျော်သာ ရရှိပါကြောင်း၊ ယနေ့ပွဲမှာ ခက်ခဲသည့်ပွဲစဉ်တစ်ခု ဖြစ်ပါကြောင်း၊ ယခုပွဲ တစ်ဂိုးစီသရေကျသွား၍ မိမိတို့အတွက် အခွင့်အရေးပိုရသွားပါကြောင်း၊ မြန်မာအသင်းမှာ တောင့်တင်းသည့် အသင်းတစ်သင်းဖြစ်ပြီး ကစားဟန် ကစားပုံတွေကောင်းပါကြောင်း၊ ဒုတိယအကျော့တွင် မိမိတို့နှင့် မြန်မာအသင်းနိုင်ခြေ ၅၀ ရာခိုင်နှုန်းစီ ရှိပါကြောင်း၊ အိန္ဒိယမှာ ကစားရမည့် ပွဲတွင် ယခုပွဲမှ လူစာရင်းကို သိပ်အပြောင်းအလဲ လုပ်မည်မဟုတ်ကြောင်း၊ ကစားခဲ့သော ဗီဒီယိုတိပ်ခွေကို ပြန်ကြည့်ပြီးမှ အသင်းကိုဆက်လက်ပြင်ဆင်သွားမှာ ဖြစ်ပါကြောင်း၊ အသင်းအနေဖြင့် နောက်တစ်ဆင့်တက်နိုင်မည်ဟု ယုံကြည်ပါကြောင်း" ပြောကြားသွားသည်။

## ကျင်းပမည်

မြန်မာအိုလံပစ်အသင်းနှင့် အိန္ဒိယအိုလံပစ်အသင်းတို့၏ ခြေစစ်ပွဲ ဒုတိယအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၄ရက်တွင် အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၈-၂-၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၆။ အကပဒေသာ
၈:၂၀ ၇။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၅:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၀ ၇။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀ ၈။ စည်းကမ်းလိုက်နာဘေးကင်းကွာ (လူကူးမျဉ်းကျားမှကူးမယ်)
၅:၃၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅:၄၀ ၁၀။ နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၅၀ ၁၁။ **လူသတ်၊ မီးရှို့၊ မိုင်းထောင်နေသော အကြမ်းဖက် သောင်းကျန်းမှု အန္တရာယ် စက်ကွင်းမှ ပြည်သူလူထု လွတ်ကင်းအောင် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ (အပိုင်း-၂)**
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ သီရိဂေဟာ
၇:၀၀ ၁၅။ Discovery.
၇:၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၂၀)**
၇:၅၀ ၁၇။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညာတစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာနွေဦး" (အပိုင်း-၁၀)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ယခင် မင်းညွန့်လမ်း စမ်းချောင်းနေ ကွယ်လွန်သူ ဦးမောင်မောင်ကြီးနှင့် ဦးဉာဏ်ထွန်း–ဒေါ်ညွန့်ညွန့်သိန်းတို့အား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြောက်ပိုင်း (၃၅)ရပ်ကွက် ကန်သာယာ(၂)လမ်းနေ ဒေါ်ဉာဏ်သာ မိသားစုက ငွေကျပ် ၁၁၀၀၀၀ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေစက်တော်ကျောင်း မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသုန္ဒရနှင့် ဓမ္မကထိကဆရာကြီး ဦးသန့်ဇင်(အဖွဲ့ချုပ်)တို့သည် ကော့ကရိတ်မြို့နယ် ကမော့ကလယ်ရွာတွင် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ၊ ငါးတိုင်ရွာတွင် ဖေဖော်ဝါရီ ၂၀ရက်မှ ၂၄ရက်အထိ၊ ထီးကလေးရွာတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အထိ၊ မိဖလဲရွာတွင် မတ် ၆ ရက်မှ ၁၀ ရက်အထိ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားပွဲများကျင်းပမည် ဖြစ်သည်။ (က–ပ)

## တီးတိန်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

တီးတိန်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၂ရက် (တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် Faith Baptist Theological Seminary အမှတ်(၈၁)ဓမ္မာရုံလမ်း၊ စမ်းချောင်း မြေနီကုန်း၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ရန် ဖိတ်ကြားထားကြောင်းသိရသည်။ (က–ပ)

## Jotun Paints အိမ်သုတ်ဆေး ဖြန့်ချိရေး အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

Unique Innovative Trading Co., Ltd ၏ Jotun Paints အိမ်သုတ်ဆေး ဖြန့်ချိရေးလုပ်ငန်းက ၂၀၀၆ ခုနှစ် ရောင်းအားအကောင်းဆုံးကိုယ်စားလှယ်များအား ဆုချီးမြှင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် ညနေ ၆ နာရီတွင် M3 စားသောက်ဆိုင်၌ ကျင်းပရာ Unique Innovative Trading Co., Ltd မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Unique Innovative Trading Co., Ltd မန်နေဂျင်းဒါရိုက်တာဦးဇော်ဟိန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒါရိုက်တာဦးကိုကိုလေးက Jotun Paints Product များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် Unique Innovative Trading Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးဇော်ဟိန်းက ၂၀၀၆ ခုနှစ် ရောင်းအား အကောင်းဆုံး ပထမဆုရ မော်လမြိုင်မြို့မှ ဦးအောင်ကျော်ခင်အား Sony 25" TV၊ ဒုတိယဆုရတောင်ငူမြို့မှ ဦးကင်းအောင်အား ရေခဲသေတ္တာတို့ကို ဆုချီးမြှင့်ပြီး ဒါရိုက်တာ ဦးကိုကိုလေးက တတိယဆုရ မန္တလေးမြို့မှ လှအဥ္စလီ သင်္ဘောဆေးအရောင်းဆိုင်အား Sony 21" TV၊ စတုတ္ထဆုရ ရန်ကုန်မြို့မှ ဦးအုန်းရွှေနှင့်သားများ ဆိုင်(၃)မှ ဦးတင်ဌေးအား Sony 21"TV နှင့် ပဉ္စမဆုရ မန္တလေးမြို့မှ PMA သင်္ဘောဆေး အရောင်းဆိုင်အား LG ရေခဲသေတ္တာတို့ကို ပေးအပ်ချီးမြှင့်သည်။

Unique Innovative Trading Co., Ltd. က နော်ဝေနိုင်ငံမှ ထုတ်လုပ်သော ဥရောပအရည်အသွေးမြင့် Jotun အိမ်သုတ်ဆေး အမျိုးအစားများကို တစ်ဦးတည်းကိုယ်စားလှယ် အနေဖြင့်တင်သွင်းပြီး တစ်နိုင်ငံလုံးသို့ဖြန့်ချိလျက်ရှိပြီး Jotun Paints အမျိုးအစားသုံးမျိုး ထုတ်လုပ်လျက်ရှိသည်။

Decortive Pains ကို အတွင်း၊ အပြင် အိမ်သုတ်ဆေးများသာမက ဘက်တီးရီးယားပိုးမွှားများ၊ အက်စစ်အပျော့များ၏ဒဏ်ကို ကာကွယ်ပေးနိုင်သည့် ဆေးများထုတ်လုပ်ပြီး အလွယ်တကူဝယ်ယူနိုင်၍ နည်းပညာဖြန့်ဖြူးမှု ကိုပါစီစဉ်ဆောင်ရွက်ပေးသည်။

Marine Paint ကို သင်္ဘောကိုယ်ထည်၏ ရေပေါ်ပိုင်းနှင့် ရေအောက်ပိုင်း လိုအပ်သောဆေးအမျိုးမျိုးတို့အတွက် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးသည်။ Protective Coating အနေဖြင့် ရေနံတူးစင်၊ ရေနံပိုက်လိုင်း၊ Gas ပိုက်လိုင်း၊ Metal များ၊ Steel Structure များ၊ အပူဒဏ်ခံနိုင်သော ဆေးအမျိုးမျိုးနှင့် အခြားအရည်အသွေးမြင့်မားသော ဆေးမျိုးစုံတို့ကိုလည်း ထုတ်လုပ်ဖြန့်ချိပြီး Unique Innovative Trading Co., Ltd Jotun Paints အိမ်သုတ်ဆေး ဖြန့်ချိလိုလျှင် ရန်ကုန်မြို့ အမှတ်(၉၅) ဘုရင့်နောင် ဈေးပတ်လမ်း (၁)ရပ်ကွက် ဘုရင့်နောင် ဖုန်း–၆၈၃၆၉၀၊ ၀၉–၅၀၂၀၄၂၂ နှင့် အမှတ်(၈၈)၊ (၆၈)လမ်း၊ ၃၃၊ ၃၄လမ်း ချမ်းအေးသာစံမြို့နယ် မန္တလေး–ဖုန်း–၀၉ ၅၀၁၆၀၂၃ ၌ ဝယ်ယူမှာကြားနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

**Unique Innovative Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဟိန်း နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** (သတင်းစဉ်)





## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးဝင်းဖေ Director (IBS Co., Ltd.)–ဒေါ်ထွေးထွေးခိုင် Chemist (RET) တို့၏
တစ်ဦးတည်းသောသား
**ဒေါက်တာဖြိုးဝင်းဖေ** M.B.,B.S(Ygn)
နှင့်
ရန်ကုန်မြို့နေ
(ဦးလှမြင့်ထွန်း)–ဒေါ်သန်းသန်းနီ(အထက်တန်းပြ) တို့၏
တစ်ဦးတည်းသောသမီး
**မထူးနွယ်** B.A(Hons;), M.A(Second Year) English
Diploma in Global English

တို့၏ ၁–၂–၂၀၀၇(ကြာသပတေးနေ့)တွင်မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် ၄–၂–၂၀၀၇(တနင်္ဂနွေနေ့)တွင်ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော၊ ထိမ်းမြားမင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးသော ဂုဏ်သရေရှိလူကြီးမင်းအပေါင်း၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာဖြိုးဝင်းဖေ–မထူးနွယ်**

## ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ်(၈၈၆)နေ
ဦးခင်ဝင်း–ဒေါ်ခင်အုန်းမြင့်တို့၏ သားလတ်
**မောင်မျိုးနိုင်ဝင်း B.Com (C.P.A)**
**Senior Accountant (II)**
**High Tech Concrete (Technology) Company Limited**
နှင့်
ရန်ကုန်မြို့၊ အရှေ့ရန်ကင်း (၂)ရပ်ကွက်၊ တိုက်အမှတ်(၂၅၆)၊ အခန်း(၉)နေ
ဦးတင်မြင့်–ဒေါ်ယဉ်ယဉ်နုတို့၏ သမီးကြီး၊
ကိုကျော်ကျော်ထွန်း–မခင်သီရိအောင်တို့၏ အစ်မ
**မခင်မူမူအောင် B.Com (Q)**
**Deputy Accountant**
**Hi-Star Company Limited**

တို့၏ ၁၀–၁၀–၂၀၀၆(အင်္ဂါနေ့)တွင် IBC၌ ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၉–၁–၂၀၀၇(အင်္ဂါနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော ရန်ကုန်တိုင်း တရားရုံးချုပ်မှ တရားသူကြီးဦးမျိုးမောင်အားလည်းကောင်း၊ ၂၇–၁–၂၀၀၇(စနေနေ့)တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော H.T.C.T Co., Ltd. မှ Managing Director ဦးရဲမြင့်နှင့် ဇနီး ဒေါ်ခင်မျိုးဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော H.T.C.T Co., Ltd.မှ Deputy Managing Director ဦးချမ်းမြနှင့် ဇနီး ဒေါ်အေးအေးသန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား သို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်သော Olympic Co., Ltd. မှ ဥက္ကဋ္ဌအားလည်းကောင်း၊ Olympic Co., Ltd. နှင့် မိသားစုဝင်ကုမ္ပဏီများမှ အရာရှိများ၊ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆို ပေးသော ဒေါ်ရီရီသန့်(စောင်း)၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော မောင်မောင်ညှပ်နှင့်အဖွဲ့၊ မိတ်ကပ်နှင့်ဆံပင် အောင်အောင်(တောင်ကြီး)၊ မင်္ဂလာဝတ်စုံ IVY နှင့် ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မကြည်ကြည်ထွေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဇင်မာဟန်တို့အားလည်းကောင်း၊ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးမှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အဘက်ဘက်မှကူညီပေးသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မျိုးနိုင်ဝင်း–မခင်မူမူအောင်**





**ဖေဖော်ဝါရီ ၆ ရက်က အထက(၂)ရန်ကင်းတွင် ဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေးသင်တန်းဆင်းပွဲတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်း သင်တန်းဆင်းအမှာစကားပြောကြားစဉ်။**

(က–ပ)

**တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းနှင့် အနာကြီးရောဂါကင်းဝေးစေရန် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၇ရက်က (၇)ရပ်ကွက် သုဒဿီဓမ္မာရုံ၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဝင်း အမှာစကားပြောကြားစဉ်။** (၆၃)





## ကျောက်တန်းအထက ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ကျောက်တန်းအထက ကျောင်းသားဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၁ နာရီတွင် အသောကာရာမ စာသင်တိုက်သာသနာ့ဝေပုလ္လဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ကျောက်တန်း အထက(၁)နှင့် အထက(၂) (သော်ကကျောင်း)များတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့်အငြိမ်းစားဆရာကြီး၊ဆရာမကြီးများကန်တော့ခံကြွရောက်ကြပါရန်နှင့် အထက(၁)နှင့် အထက(၂)တို့မှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသူ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားဟောင်းများ စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေနှင့် ကန်တော့ပစ္စည်းလှူဒါန်းလိုသူများသည် ဦးသင်းမောင် ဖုန်း–၀၁–၆၅၂၀၆၅၊ဦးကြည်ညွန့် ဖုန်း–၀၅၆–၂၅၂၇၆၊ ဦးပိန်း ဖုန်း–၀၅၆–၂၅၂၈၅၊ ဒေါ်ခင်အေးကြိုင် ဖုန်း–၀၉–၅၁၄၂၃၆၊ ဦးစိုးသန်း တို့ထံသို့ဆက်သွယ်ရန် နှိုးဆော်ထားကြောင်းသိရသည်။ (က–ပ)





**ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၄ရက်က တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။** (က–ပ)

# မြန်မာနိုင်ငံတွင် ဘာသာဝင်အားလုံး ချစ်ခင်ရင်းနှီးစွာ အပြန်အလှန် ရိုင်းပင်းကူညီမှုဖြင့် အတူယှဉ်တွဲနေထိုင်လျက်ရှိ

# ဝတ်ပြုကိုးကွယ်မှုဆိုင်ရာ ကိစ္စရပ်များတွင်လည်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိနေ

## ဘာသာအားလုံးအတွက် သာသနာရေးဆိုင်ရာ ကူညီထောက်ပံ့ချီးမြှင့်မှုများ ဆောင်ရွက်ပေးနေသည်မှာ ပေါ်လွင်ထင်ရှား

## သာသနာရေးဝန်ကြီးဌာနဖွဲ့စည်းထားပြီး ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့်

## ကမ္ဘာ့ခရစ်ယာန်များစည်းလုံးညီညွတ်ရေးအဖွဲ့ (CSW) ၏ အစီရင်ခံစာပါ စွပ်စွဲချက်များ လုံးဝလွဲမှား

# ဘာသာရေးကိုအကြောင်းပြု၍ မြန်မာ့ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ရန် ကြံစည်အားထုတ်လာသော

# အမေရိကန်နှင့် ဗြိတိန်တို့၏ နည်းလမ်းမမှန်ကန်သောလုပ်ရပ်ကို လုံးဝလက်မခံ

# မြန်မာနိုင်ငံ၏တည်ရှိနေသော ဘာသာပေါင်းစုံချစ်ကြည်မှုကို ထိခိုက်စေရန် လုပ်ဆောင်ခြင်းဖြစ်၍ ဆန့်ကျင်ကန့်ကွက်

နေပြည်တော် ဖေဖော်ဝါရီ ၇

**မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သော အကြောင်းပြစွပ်စွဲချက်များကို မဟုတ်မမှန် လုပ်ကြံဖန်တီး ထုတ်လွှင့်လျက်ရှိသည်။**

အမေရိကန်အစိုးရက ၎င်းတို့နှစ်စဉ်ထုတ်ပြန်သည့် ဘာသာရေးလွတ်လပ်ခွင့်မရှိသောနိုင်ငံများစာရင်း၌ မြန်မာနိုင်ငံကို အမြဲထည့်သွင်းပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲလျက်ရှိသကဲ့သို့ ၎င်း၏လက်ဝေခံအဖွဲ့အစည်းများ၊ လက်ပါးစေပုဆိန်ရိုးများကိုလည်း မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဘာသာရေးဆိုင်ရာ သတင်းအချက်အလက်အမှားများကို လုပ်ကြံဖန်တီးပေးပို့ ထုတ်လွှင့်စေလျက်ရှိသည်။

ဗြိတိန်နိုင်ငံ အခြေစိုက် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide-CSW) ကလည်း ၂၃-၁-၂၀၀၇ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည် လုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဘာသာဟူသမျှကို လွတ်လပ်စွာ အတူတကွ ယှဉ်တွဲကိုးကွယ်နိုင်သည့် ကောင်းကျိုးတရားများ ထွန်းကားပြန့်ပွားအောင် ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင်ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိနေကြသော မြန်မာနိုင်ငံအတွင်းရှိ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များက အဆိုပါ CSW အဖွဲ့၏အစီရင်ခံစာနှင့်ပတ်သက်၍ ၎င်းတို့၏သဘောထားကြေညာချက်များကို အသီးသီးထုတ်ပြန်ကြေညာခဲ့ကြသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✪

# NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိ ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၆၅ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော တမံကြီးကျေးရွာမှ ဦးအောင်တိုး၊ ကွင်းချောင်းကျေးရွာမှ ဦးသံချောင်း၊ အကော်ကျေးရွာမှ ဦးမြင့်အောင် အပါအဝင် ငါးဦး၊ ငရုတ်နောက်ကျေးရွာမှ ဦးစိန်ထွန်း အပါအဝင် လေးဦး၊ ဖြူးစခန်းကျေးရွာမှ ဦးပေါက်စ၊ ဝဲကြီးကျေးရွာမှ ဦးလှမြင့်၊ အရှေ့ကွင်းကျေးရွာမှ ဦးသန်းမြိုင် အပါအဝင် လေးဦး၊ အေရွာမှ ဦးတောက်ထွန်း၊ သံလိုက်ကျေးရွာမှ ဒေါ်သန်းသန်းညို၊ ဟံသာကျေးရွာမှ ဒေါ်ချိုချိုမြင့်၊ အပ္ပနန်းကျေးရွာမှ ဒေါ်လှတင် အပါအဝင် ခုနစ်ဦး၊ ကံစုကျေးရွာမှ ဦးထွန်းခင် အပါအဝင် နှစ်ဦး၊ ကရင်စုကျေးရွာမှ ဦးမြတ်စိုး၊ ညံတောအင်းကျေးရွာမှ ဦးခင်မောင်ကျော် အပါအဝင် ရှစ်ဦး၊ လှော်တောင်စုကျေးရွာမှ ဦးထွန်းနောင် အပါအဝင် နှစ်ဦး၊ သပြေကုန်းကျေးရွာမှ ဦးမောင်ကြီး၊ ကဓောင်းလေးကျေးရွာမှ ဦးဝင်းနိုင်၊ ကံစုအနောက်ကျေးရွာမှ ဒေါ်ရွှေ အပါအဝင် နှစ်ဦး၊ စက်ဆန်းအမှတ်(၂)နယ်မြေမှ ဦးနေလင်း၊ ငပိတုံးလှဲကျေးရွာမှ ဦးစိုးမြင့်၊ ဒါးချောင်းကျေးရွာမှ ဦးအေးလှိုင်၊ ညီနောင်ကျေးရွာမှ ဦးငွေအောင်ကြည်၊ သုံးထပ်ကျေးရွာမှ ဦးကျော်ရှိန် အပါအဝင် နှစ်ဦး၊ စံကင်းကျေးရွာမှ ဦးသောင်းဟန်၊ စက်ဆန်း(၄) နယ်မြေမှ ဦးထွန်းလင်း၊ ငရုတ်အရှေ့ကျေးရွာမှ ဦးအောင်ချင်း၊ မြင်းကကုန်း(၃)နယ်မြေမှ ဦးမြင့်စိုး အပါအဝင် သုံးဦး၊ မြင်းကကုန်း (၂)နယ်မြေမှ ဦးစိုးဝင်း အပါအဝင် ခြောက်ဦး၊ မြင်းကကုန်းကျေးရွာမှ ဦးလေးနိုင်၊ မြင်းကကုန်းကျုံချင်းကျေးရွာမှ ဦးကြည်မြင့်၊ မြင်းကကုန်း (၁)နယ်မြေမှ ဦးစိုးအောင်တို့ အပါအဝင် စုစုပေါင်း ၆၅ ဦးတို့သည် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း၊ နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဧရာဝတီတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLD ပါတီအပေါ် ယုံကြည်မှုမရှိတော့ခြင်း၊ ပါတီခေါင်းဆောင်များ၏ လုပ်ရပ်အပေါ် စိတ်ဝင်စားမှုမရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

**ကြေးမုံ The Mirror**

**ဆောင်းပါး အညွှန်း**

**"အမျိုးသားညီလာခံကြီးကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေကြသူတွေရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ တောင်းဆိုချက်ဟာလဲ အနှစ်သာရ ပြည့်ဝလှတဲ့ အမျိုးသားညီလာခံကြီးရဲ့ မှန်ကန်တဲ့ အရှိန်အဝါအောက်မှာ သေးသိမ်ပျောက်ကွယ်သွားပြီဖြစ်"**

စိုးမြကျော်၏ **"တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေး...ဟု ဆိုကာ (၃)"**

ဆောင်းပါး၊ စာမျက်နှာ- (၈-၉-၁၀-၁၁)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး